# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၄၉)


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီဒွါဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားကောင်းလာနိုင်

**လေဖိအားနည်းရပ်ဝန်းအခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၉ ရက်တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားကောင်းလာနိုင်ပြီး နိုဝင်ဘာ ၂၂ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း- ပူဒူချယ်ရီနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* *

### အချပ်ပို ၁၆ မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်နှင့် ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းများ ဖော်ပြထားသည့် အချပ်ပို ၁၆ မျက်နှာ ပါရှိပါသည်။


### ယနေ့ ဖတ်စရာ

**အမေရိကန်က အသုံးချနေသည့် လူကုန်ကူးမှုအစီရင်ခံစာ**
ဆောင်းပါး | စာ - ၆

**မဲစာရင်းပြည့်စုံမှန်ကန်ရေးနှင့် နိုင်ငံသားတစ်ဦး၏ တာဝန်**
ဆောင်းပါး | စာ - ၁၀

**အာဆီယံ - ဩစတြေးလျ - နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ တိုးချဲ့လုပ်ဆောင်**
ကုန်သွယ်စီးပွား | စာ - ၁၇

## မြန်မာ့အလင်း

# မြန်မာ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး သေး၊ ငယ်၊ လတ် စီးပွားရေးမြှင့်တင်

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းအဖြစ် တည်ရှိနေရာ နိုင်ငံ့စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည်။ သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှာဖြစ်သည့်အလျောက် နိုင်ငံတော်က အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံရှိ သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်း (MSME) များမှာ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းလျက်ရှိပြီး မိမိတို့၏ ပြည်တွင်းဈေးကွက်ကို အိမ်နီးချင်းနိုင်ငံအချို့မှ MSME ထုတ်ကုန်များစွာက ဝင်ရောက်နေရာယူထားကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာ MSME အများစုမှာ မိရိုးဖလာပုံစံမျိုး အစဉ်အလာအတိုင်း ထုတ်လုပ်နေကြပြီး စီမံခန့်ခွဲမှု၊ အရည်အသွေးထိန်းသိမ်းမှု၊ လုပ်ငန်းကျွမ်းကျင်မှု အားနည်းချက်များစွာ ရှိနေကြောင်း၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုတို့တွင်လည်း လိုအပ်ချက်များရှိကြောင်းဖြင့်လည်း ပညာရှင်များက ထောက်ပြခဲ့ကြသည်။

နိုဝင်ဘာလ ၁၅ ရက်နေ့က နေပြည်တော်တွင် ကျင်းပသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၂)တွင် အဆိုပါလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက "မြန်မာ့စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် MSME များ၏ အခန်းကဏ္ဍသည် များစွာအရေးကြီးကြောင်း၊ မှတ်ပုံတင်ထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဆက်လက်ရှင်သန်နေရန်နှင့် လုပ်ငန်းများ လည်ပတ်နေရန် အထူးလိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏ အားသာချက်ပေါ် အခြေခံပြီး အသုံးချတတ်မည်ဆိုပါက အခွင့်အလမ်းကောင်းများ ရရှိလာနိုင်ကြောင်း၊ အခွင့်အလမ်းအနေဖြင့် တစ်ကမ္ဘာလုံးတွင် စားသောက်ကုန်ဆိုင်ရာ ထုတ်ကုန်များ လိုအပ်နေသည့်အတွက် နည်းပညာကောင်းများသုံးစွဲပြီး အန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဆန်းသစ်တီထွင်သည့် ထုတ်ကုန်များထုတ်လုပ်လာနိုင်ရေး၊ ကမ္ဘာ့တန်ဖိုးမြှင့်ကွင်းဆက်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းထုတ်လုပ်မှုကွန်ရက်များသို့ ဝင်ရောက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ကြောင်း" ပြောကြားခဲ့သည်။ ထို့အပြင် MSME များအနေဖြင့် ဈေးကွက်သုတေသနရလဒ်များကို လေ့လာဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာကို မဖြစ်မနေသုံးစွဲနိုင်ရန် လိုအပ်လာပြီဖြစ်ကြောင်းဖြင့်လည်း ထောက်ပြခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ တစ်ကမ္ဘာလုံးတွင် ရိုက်ခတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံရေးအခြေအနေ အပြောင်းအလဲများအတွင်း ကမ္ဘာ့ဈေးကွက်က စားသောက်ကုန်ဆိုင်ရာ ထုတ်ကုန်များကို တောင်းဆိုလာသည်။ ဤသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍထုတ်ကုန်များ ထုတ်လုပ်နိုင်သော ရေခံမြေခံကောင်းကိုပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းပင်ဖြစ်သည်။ ယခင်က လယ်ယာသားငါးထုတ်ကုန်များကို ကုန်ကြမ်းအဖြစ်ဖြင့်သာ ပြည်ပသို့တင်ပို့နေရာမှ တန်ဖိုးမြှင့်ကုန်ချောများ၊ ဆန်းသစ်တီထွင်သည့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ကာ ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ အရည်အသွေးထိန်းသိမ်းမှု၊ နည်းပညာပံ့ပိုးမှု၊ ရင်းနှီးမြှုပ်နှံဖြည့်တင်းပေးမှု၊ သတင်းအချက်အလက်ဖြန့်ဝေမှု၊ ကျွမ်းကျင်လုပ်သားလေ့ကျင့်မှုတို့အပါအဝင် အခြေခံအဆောက်အအုံပိုင်း၊ လောင်စာစွမ်းအင်ပိုင်းတို့ ဖြည့်ဆည်းပေးသည်နှင့်အမျှ MSME လုပ်ငန်းရှင်တို့က ဥစ္စာရင်လို ဥစ္စာရင်ခဲ ကြိုးပမ်းအားထုတ်ခြင်းဖြင့် သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့်အတူ မြန်မာ့စီးပွားရေး တိုးတက်ပွင့်လန်းမည်ဟု ယုံကြည်ပါကြောင်း။ ။




**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အလံတစ်ရာ မဟာသောဏ္ဍာယ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်နိုင်ရေး အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၇

သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာ အလံတစ်ရာ ကုန်းတော်တွင် တည်ထားကိုးကွယ်တော်မူသော အလံတစ်ရာ မဟာသောဏ္ဍာယ စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြက်နားတော်၊ ထီးတော် ပြန်လည် တင်လှူပူဇော်နိုင်ရေးနှင့် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်နိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စေတီတော်မြတ်ကြီး၏ ဓမ္မာရုံ၌ ကျင်းပရာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။



ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ကရင်ပြည်နယ် မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တ ဥာဏိက အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဆရာတော် သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညို ခြင်း၊ စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြက်နားတော်၊ ထီးတော် ပြုပြင်မွမ်းမံခြင်း၊ အသစ်ပြုလုပ်ခြင်းနှင့် မူလစေတီတော်အား ငုံ၍ ထပ်ပိုးပြုပြင်ခြင်း အခြေအနေများနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများ ရှင်းလင်းလျှောက်ထားခြင်း၊ ဆရာတော်အရှင်မြတ်များထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းခြင်းကို ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အလံတစ်ရာ မဟာသောဏ္ဍာယ စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြက်နားတော်၊ ထီးတော် ပြန်လည်တင်လှူပူဇော်နိုင်ရေးနှင့် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများက အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် အနုမောဒနာ တရားနာယူကြည်ညိုပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်အပူဇော်ခံထားရှိရာ ဓမ္မာရုံတော်၌ ပြုပြင်မွမ်းမံခြင်းနှင့် အသစ်ပြုလုပ်ခြင်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြပြီး စေတီတော်မြတ်ကြီးကို လှည့်လည်ပူဇော်ကြသည်။

**သတင်းစဉ်**

# တောင်ဥက္ကလာပမြို့နယ်၌ သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၇

ယနေ့ကာလတွင် သတင်းအတု သတင်းအမှားများကြောင့် မလိုလားအပ်သော ဖြစ်စဉ်များ ပေါ်ပေါက်လျက်ရှိသဖြင့် ကျောင်းသားလူငယ်များ သတင်းအမှား အမှန် ခွဲခြားသုံးသပ်နိုင်ရေး၊ နိုင်ငံတော်က လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် ဘက်စုံမှအားထုတ်ကြိုးပမ်း ဆောင်ရွက်ပေးနေသည်ကို နားလည်သိရှိရေးနှင့် မိဘဆရာများ၏ သွန်သင်ဆုံးမမှုကိုနာခံကာ ထူးချွန်ထက်မြက်သော လူငယ်များ ဖြစ်လာစေရေးတို့အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ အသိပညာပေးဟောပြောပွဲများကို အ.ထ.က (၁) တောင်ဥက္ကလာပတွင် နိုဝင်ဘာ ၁၄ ရက်တွင်လည်းကောင်း၊ အ.ထ.က (၂) တောင်ဥက္ကလာပတွင် နိုဝင်ဘာ ၁၅ ရက်တွင်လည်းကောင်း၊ အ.ထ.က (၅) တောင်ဥက္ကလာပတွင် နိုဝင်ဘာ ၁၆ ရက်တွင်လည်းကောင်း ကျင်းပခဲ့သည်။



အဆိုပါ အထက်တန်းကျောင်း သုံးကျောင်း၏ အသိပညာပေးဟောပြောပွဲများသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးအောင်ပြည့်စုံ (အောင်ပြည့်စုံ)၊ ဦးရဲနိုင်စိုး၊ ဦးသက်နိုင်ဦး၊ ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမဥ္ဇူ)၊ ဦးနေလင်း (မောင်ချိုဝေ) နှင့် ဦးနေထွန်းဝင်း (နောင်ရဲဦး) တို့က ဆွေးနွေးဟောပြောခဲ့ကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။ ထို့နောက် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက သတင်းမီဒီယာဆိုင်ရာနှင့် အခြားစာပေဗဟုသုတဖြစ်ဖွယ် သိမှတ်ဖွယ်ရာစာအုပ်များကို အမှတ်တရ လက်ဆောင်အဖြစ်ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ကြီးမှူး၍ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)က ကြီးမှူးကျင်းပသည့် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မလမ်းရှိသီရိမင်္ဂလာမဟာသာသနာ့ ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ တက်ရောက် လာကြသူများက တို့ဗမာသီချင်းကို စုပေါင်းသီဆို၍ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်မင်းကျော်သူက အောင်မောင်း ၂၇ ချက်တီးကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။





ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးရဲထွန်းက (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌက ဖတ်ကြားသည်။

**အမှာစကားပြောကြား**

ယင်းနောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌက (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဖြစ်သည့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရတစ်ဦး၊ မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ သုံးဦးနှင့် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သုံးဦးတို့အား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)ဥက္ကဋ္ဌက မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်း ၅၀ နှင့် အလှူရှင်များမှ လှူဒါန်းသည့် အလှူငွေများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဗဟို) ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**ဇာတိမာန်သီချင်း စုပေါင်းသီဆို**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဇာတိမာန်သီချင်း စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို) နှင့် အလုပ်အမှုဆောင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး (ဗဟို)ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဗဟို) တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

■ *ရွှေဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေး ဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေကဆောင်ရွက်တော်မူသည်။

ထို့နောက် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များ အနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ယင်းနောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေး ဒုတိယနေ့၊ ဒုတိယပိုင်းကို ဆက်လက်ကျင်းပခဲ့ပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တစန္ဒက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို သာသနတက္ကသီလ မဟာဓမ္မာစရိယဘဒ္ဒန္တနန္ဒပါလက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ယင်းနောက် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက အတည်ပြုချက်ရယူပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်) ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမဓမ္မမိတ်ဆွေများက စတုတ္ထိသတိမ (၃၄)ကြိမ်မြောက် အရဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**




# (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

(၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းရှိ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊အမျိုးသားအောင်ပွဲနေ့ ဗဟိုကော်မတီဝင်များနှင့် အခြေခံပညာဦးစီးဌာနမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဖတ်ကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

✳ *ရွှေဖုံးမှ*

အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညနေမှ နိုဝင်ဘာ ၂၀ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ကချင်ပြည်နယ် ပူတာအိုဒေသ မဂ္ဂေဇ - ခေါင်လန်ဖူးလမ်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပူတာအို နိုဝင်ဘာ ၁၇**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်း၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၃ ရက်က ပူတာအိုမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို)သို့ သွားရောက်၍ အိပ်ဆောင်များ၊ စားရိပ်သာ၊ စာကြည့်တိုက်၊ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် သုံးထပ်အိပ်ဆောင်တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်း ကိုက်ညီစေရေးနှင့် လုပ်ငန်း ပိတ်သိမ်းချိန်တွင် လုပ်ငန်းခွင်အား စနစ်တကျ ရှင်းလင်းဆောင်ရွက်ရန် မှာကြားခဲ့သည်။





ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် နောင်မွန်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံတက်လူနာများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံအတွက် လိုအပ်ချက်များနှင့် မြို့နယ်အတွက် ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် နောင်မွန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နောင်မွန်-မဂ္ဂေဇ - ခေါင်လန်ဖူးလမ်း တစ်လျှောက် ဖောက်လုပ်ပြီးစီးခဲ့သည့် လမ်းများပြုပြင်ထိန်းသိမ်းလျက်ရှိသည့် အခြေအနေ၊ လက်ရှိဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျောက်လမ်း၊ တံတားများ၊ ကွန်ကရစ်ရေကျော်များ မိုးရာသီကာလ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် လမ်းနှင့် တံတားများအား အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ (ဝဲပုံ)

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ခေါင်လန်ဖူးမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် တိုးချဲ့မြို့ကွက်သစ်မြေနေရာများ၊ မြို့ပတ်လမ်းဖောက်လုပ်ထားရှိမှု၊ မြို့နယ်ခန်းမ ပြုပြင်ပြီးစီးမှု၊ မြို့မဈေးအတွင်း ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မိ၊ မြို့ဖများနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း အတွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းထွဋ်ကိုနှင့် မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးတို့က ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများနှင့်အတူ အဆိုပါမှခ်ဦးရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး အတွင်းရှိ စက်မှုဇုန် လေးဇုန်မှ ထုတ်လုပ်သည့် လူသုံးကုန်ပြခန်း၊ အိမ်သုံးကုန်ပြခန်း၊ စားသောက်ကုန်ပြခန်း၊ ချည်ထည်နှင့် အထည်လိပ်ပြခန်း၊ ပရိဘောဂပြခန်း၊ ရော်ဘာနှင့် ပလပ်စတစ်ပြခန်း၊ တိုင်းရင်းဆေးဆိုင်ရာ ပြခန်း၊ ကျောက်အရျောထည် ပြခန်း၊ လယ်ယာသုံး စက်ကိရိယာပြခန်းများကို လိုက်လံကြည့်ရှုအားပေးပြီး ပြခန်းနှင့် ဈေးရောင်းပွဲတော်သို့ လာရောက်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်သူ့အားကစားကွင်း အတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ တိုင်းဒေသကြီး အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းထုတ်ကုန်များ ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ဈေးဆိုင်ခန်းပေါင်း ၄၀ ကျော်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် လေးဇုန်မှ ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်း ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန့်ဆွန်းထန် တီးတိန်မြို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**တီးတိန် နိုဝင်ဘာ ၁၇**

ချင်းပြည်နယ် ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး (ခေတ္တ-ဟားခါး)၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများသည် နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီက တီးတိန်မြို့ အမှတ် (၂၆၉) ခြေလျင်တပ်ရင်း အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ ဘာသာရေးခေါင်းဆောင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံပွဲ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန့်ဆွန်းထန်က ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ အမှာစကားပြောကြားပြီး အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်က နယ်မြေလုံခြုံရေး အခြေအနေများ ပြောကြားသည်။

ထို့နောက် တီးတိန်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက တီးတိန်ခရိုင် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဦးစီးမှူးများက ကဏ္ဍအလိုက် လိုအပ်ချက်များ တင်ပြဆွေးနွေးကြသည်။ ဆက်လက်၍ ဒေသခံ မြို့မိ မြို့ဖများနှင့် ဌာနဆိုင်ရာများက လိုအပ်ချက်များ တင်ပြကြရာ မြို့မိ မြို့ဖ ဦးကမ်းလျန်းက မဟာဓာတ်အားလိုင်းရရှိရေး၊ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် ၃၀၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ပေးနိုင်ရေးများ တင်ပြရာ ပြည်နယ်အဆင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ ချင်းပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ဝန်ထမ်းများအား အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မိုးမိုး**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ Rosatom လက်အောက်မှ (Electric Vehicles and Energy Storage Systems ) Battery ထုတ်လုပ်သည့် RENERA ကုမ္ပဏီသို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၇**
ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ Rosatom လက်အောက်ရှိ (Electric Vehicles and Energy Storage Systems ) Battery ထုတ်လုပ်သည့် RENERA ကုမ္ပဏီသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Rosatom လက်အောက်ရှိ (Electric Vehicles and Energy Storage Systems) Battery ထုပ်လုပ်သည့် RENERA ကုမ္ပဏီမှ ထုတ်လုပ်ထားသော Energy Storage System (Commercial power management modula) များအား ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို အသေးစိတ် မေးမြန်းကြသည်။

ထို့နောက် အစည်းဝေးခန်းမတွင် Director of Business Development ဖြစ်သူ Natalia G. Leonteva က စက်ရုံ၏သမိုင်းအကျဉ်း၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်နေမှု၊ Lithiun Iron အား အခြေခံ၍ Battery ထုတ်လုပ်ဆောင်ရွက်နေမှုများ၊ စက်ရုံအနေဖြင့် လျှပ်စစ်မော်တော်ကားများ တိုးချဲ့ထုတ်လုပ်ရန် စီစဉ်ထားရှိမှုများ၊ ၂၀၂၄ ခုနှစ်တွင် 4 GW အထိ ထုတ်လုပ်ရန် ရည်ရွယ်ဆောင်ရွက်နေမှု၊ စက်ရုံများမှ ထုတ်လုပ်လျက်ရှိသည့် Battery များကို အသုံးပြုနေမှု၊ Battery များ၏ စွမ်းအင်သိုလှောင်သိမ်းဆည်းမှုနှင့် လုံခြုံစိတ်ချမှုပိုင်းဆိုင်ရာများ၊ နေရောင်ခြည်စွမ်းအင်နှင့် လေအားလျှပ်စစ်စသည်တို့မှရရှိသည့် လျှပ်စစ်ဓာတ်အားများအား Energy Storage System (ESS) ဖြင့် တွဲဖက်အသုံးပြုမှုစနစ်များ၊ ESS များ၏ စွမ်းဆောင်နိုင်မှုအရ ဓာတ်အားအမျိုးအပြား အသုံးပြုဆောင်ရွက်နေသော စက်ရုံအလုပ်ရုံများတွင် စွမ်းအင်ကို အကျိုးရှိစွာ အသုံးပြုနိုင်မှုနှင့် တည်ငြိမ်စွာအသုံးပြုနိုင်မှုများ၊ စက်ရုံထုတ် Battery များဖြင့် စက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ လျှပ်စစ်ကားများ စသည်တို့၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက ယခုကဲ့သို့ အလေးထား ရှင်းလင်းပြောကြားမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ပိုင်းဆိုင်ရာများနှင့် စက်မှုလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုဆိုင်ရာ ကိစ္စရပ်များအပါအဝင် အခြားကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးကြသည်။



မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် Renewable Energy အဖြစ် ထပ်မံတိုးချဲ့ ဆောင်ရွက်လျက်ရှိသော နေရောင်ခြည်နှင့်လေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ဓာတ်အားတည်ငြိမ်စွာဖြန့်ဖြူး ဆောင်ရွက်ရာတွင် Lithiun Iron ကို အခြေခံ၍ ဆောင်ရွက်ထားသော Energy Storage Systems (ESS) မှာ အထူးလိုအပ်သော စနစ်တစ်ခုဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော လျှပ်စစ်သုံးမော်တော်ယာဉ်များ (Electric Vehicles–EV) အသုံးပြုဆောင်ရွက်နိုင်ရေးတွင်လည်း မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းဖြစ်သော Battery မှာ Lithiun Iron ဖြင့် ဆောင်ရွက်ခြင်းဖြင့် Battery ၏ သက်တမ်းနှင့် စွမ်းဆောင်နိုင်မှုမှာ များစွာမြင့်မားကြောင်း သိရှိရသဖြင့် ရုရှား– မြန်မာ နှစ်နိုင်ငံ လျှပ်စစ်စွမ်းအင်ကဏ္ဍ၌ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နေ့လယ်ပိုင်းတွင် Leningradskiy မီးရထားဘူတာရုံမှ တစ်ဆင့် Speed train 772 A အမြန် ရထားဖြင့် Saint Petersburg သို့ ဆက်လက်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်“ဝ” အထူးဒေသအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်မည့်ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၇**
ပန်းခင်းစီမံချက်ကို လုပ်ငန်းကာလ (၁၈)လတာ သတ်မှတ်ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း “ဝ” အထူးဒေသမှလွဲ၍ ကျန်မြို့နယ်များတွင် လျာထားချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါ ဒေသအာဏာပိုင်များနှင့် “ဝ” အထူးဒေသမှ တိုင်းရင်းသားအဖွဲ့များ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးမှုကြောင့် “ဝ” အထူးဒေသအတွင်း ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ကြမည် ဖြစ်ကြောင်း၊ ယနေ့နံနက် ၁၀) နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး(သစ္စာခန်းမ)၌ “ဝ” အထူးဒေသအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်မည့်ဝန်ထမ်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန်နှင့် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအတွက် ရသင့်သည့်ကတ်ပြားကို သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးကြရန်လိုသကဲ့သို့ မရသင့်သူများကို ထုတ်ပေးမှု မပြုမိစေရေးအတွက် ဂရုတစိုက်အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ “ဝ” အထူးဒေသအတွင်း သွားရောက်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအတွက် ကိုယ်ရေးအချက်အလက် မှတ်တမ်းမှတ်ရာများကို စနစ်တကျပြုစုထားရှိရန်နှင့် သက်ဆိုင်ရာ ဒေသတိုင်းရင်းသားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်လိုကြောင်း။




နိုင်ငံတော်မှ ဖွဲ့စည်းပေးထားသည့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ (၅–ဦးကော်မတီ)တွင် ပါဝင်ဆောင်ရွက်မည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများသည်လည်း နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စနစ်တကျ စိစစ်ခွင့်ပြုဆောင်ရွက်ကြရန်နှင့် ဥပဒေအရ ဆက်လက်တင်ပြဆောင်ရွက်ရမည့် ကိစ္စရပ်များရှိပါကလည်း ကာယကံရှင်များကို အသေးစိတ်ရှင်းလင်းချပြဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွင် ဆောင်ရွက်ပေးရန် လျာထားချက်ကို သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်နိုင်ရေးအတွက် ရုံးစာရွက်စာတမ်းပုံစံများ အပါအဝင် လိုအပ်ချက်များကို ကြိုတင်မျှော်တွေးစိစစ်ဆောင်ရွက်ထားရန်နှင့် လိုအပ်ချက်များကို အချိန်မီတင်ပြဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းပြီးစီးမှုများနှင့် ထူးခြားဖြစ်စဉ်များအား သက်ဆိုင်ရာဌာနများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်နှင့် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများ အမြန်ဆုံး ပြီးပြတ်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် အရှေ့မြောက်ပိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက “ဝ” အထူးဒေသအတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ရာတွင် ဒေသခံအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ မလိုလားအပ်သော အုပ်ချုပ်မှုကိစ္စများ မဖြစ်ပွားစေရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက “ဝ” အထူးဒေသအတွင်း သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးညွန့်ထံ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းမှူးတို့သည် “ဝ” အထူးဒေသအတွင်း ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်ရာတွင် ယူဆောင်သွားမည့် ရုံးစာရွက်စာတမ်းပုံစံများ၊ အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနှင့်အတူ လက်ရည်တစ်ပြင်တည်း ရင်းနှီးချစ်ကြည်စွာ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာရှိ ရွှေလီရတနာခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ပန်းခင်းစီမံချက် အဆင့်(၂) ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ ဦးညီနပ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ တာသိန်းဇော်၊ “ဝ” ဆက်ဆံရေးရုံးတာဝန်ခံ ဦးဟဲလု၊ နိုင်ငံသားစိစစ်ခြင်းဆိုင်ရာ (၅)ဦးကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပြည်နယ်/ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအတွင်း ပန်းခင်းစီမံချက် ဆောင်ရွက်ပေးမှုနှင့် ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ရွေးကောက်ပွဲမဲစာရင်း မှန်ကန်ရေးအတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လဝကတို့ ပူးပေါင်းကာ မြေပြင်ကွင်းဆင်းကောက်ယူဆောင်ရွက်မည့် အစီအစဉ်များ၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် သက်ဆိုင်ရာနယ်မြေ ဒေသအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်သည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက နယ်မြေဒေသအလိုက် မဲစာရင်းမှန်ကန်စွာ ပြုစုနိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်သွားမည့်အစီအစဉ်၊ ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ဆောင်ရွက်ပေးရန်လိုအပ်သည့် ဒေသနှင့် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဒေသအာဏာပိုင်များမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကိုရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်က အသုံးချနေသည့် လူကုန်ကူးမှုအစီရင်ခံစာ

ဇင်ငြိမ်း

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ နိုင်ငံခြားအစိုးရများ၏ ကြိုးပမ်းအားထုတ်မှုအပေါ် အမေရိကန်သမ္မတ၏ အဆုံးအဖြတ်ကြေညာချက် (Presidential Determination No.2023–02) အား “Memorandum on Presidential Determination with Respect to the Efforts of Foreign Governments Regarding Trafficking in Persons” ခေါင်းစဉ်ဖြင့် အမေရိကန်သမ္မတအိမ်ဖြူတော်က ၁၄.၁၀.၂၀၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယင်းထုတ်ပြန်ချက်တွင် အမေရိကန်နိုင်ငံ၏ (၁၀၆) ကြိမ်မြောက်လွှတ်တော် (၁၉၉၉–၂၀၀၀) ၌ ဥပဒေပုဒ်မ H.R.3244 ဖြင့် ပြဋ္ဌာန်းခဲ့သည့် Vicims of Trafficking and Violence Preotection Act of 2000 ဥပဒေ၏ Section 110 (d) (1)(A)(i) အရ ပြဋ္ဌာန်းထားသည့် အနိမ့်ဆုံးစံနှုန်းများအတိုင်း (သို့မဟုတ်) စံနှုန်းများနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ကြိုးပမ်းအားထုတ်မှု အနည်းဆုံးနိုင်ငံများအဖြစ် အာဖဂန်နစ္စတန်၊ မြန်မာ၊ ဂီနီဘစ်ဆော၊ အီရန်နှင့် တောင်ဆူဒန်နိုင်ငံများအား သတ်မှတ်ကာ ၎င်းနိုင်ငံများအား အမေရိကန်နိုင်ငံမှ ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ကုန်သွယ်ရေးဆိုင်ရာမဟုတ်သော အကူအညီများကို ပေးအပ်မည်မဟုတ်ကြောင်း၊ ထို့အပြင် အနိမ့်ဆုံးစံနှုန်းများကိုလိုက်နာ၍ တာဝန်ရှိသူများ (သို့မဟုတ်) ဝန်ထမ်းများ၏ ပညာရေးနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း အစီအစဉ်များတွင် ပါဝင်ခြင်းအတွက် ရန်ပုံငွေထောက်ပံ့မှုများ ပြုလုပ်ပေးမည် မဟုတ်ကြောင်း ဖော်ပြထားပါသည်။

> ❖ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော်လည်း အခက်အခဲများနှင့် စိန်ခေါ်မှုများရှိနေသည်မှာမှန်သော်လည်း ယင်းအစီရင်ခံစာအတွက် မြန်မာနိုင်ငံဆိုင်ရာ ကိုးကားသည့် သတင်းအချက်အလက်များသည် အစိုးရအားဆန့်ကျင်နေသည့်အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ တရားမဝင်အဖွဲ့အစည်းများမှ ပေးပို့သည့် အချက်အလက်များအပေါ် တစ်ဖက်သတ်အခြေခံပြုစုထားသည်ကို တွေ့ရသည်။ ထို့အပြင် ယင်းအစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး မတည်မငြိမ်ဖြစ်စေရန်နှင့် အလုံးစုံပျက်စီးစေရန် မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေကြသည့် အမေရိကန်နိုင်ငံကဲ့သို့သော နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကြောင့် ဖြစ်ပွားလာသည့် အကျိုးဆက်များကို ဖော်ပြမထားသည်ကို တွေ့ရပါသည်

အမေရိကန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် Trafficking in Persons Report 2022 တွင် Tier 3 အဆင့်သတ်မှတ်ထားသည့် နိုင်ငံ ၁၇ နိုင်ငံတွင် အာဖဂန်နစ္စတန်၊ အယ်လ်ဂျီးရီးယား၊ မြန်မာ၊ တရုတ်၊ ကိုမိုရော့စ်၊ ကျူးဘား၊ အီရီထရီးယား၊ အီရန်၊ နီကာရာဂွာ၊ မြောက်ကိုရီးယား၊ ရုရှား၊ တောင်ဆူဒန်၊ ဆီးရီးယား၊ တာ့ခ်မင် နစ္စတန်နှင့် ဗင်နီဇွဲလား၊ ဂီနီဘစ်ဆောနှင့် မလေးရှားတို့ ပါဝင်ပါသည်။ အစီရင်ခံစာသည် နိုင်ငံပေါင်း ၁၈၈ နိုင်ငံကို အကဲဖြတ်၍ လူကုန်ကူးမှုတိုက်ဖျက်ရေး နိုင်ငံအလိုက် ကြိုးပမ်းအားထုတ်မှုများအပေါ် အခြေခံ၍ အဆင့် ၄ မျိုး သတ်မှတ်ထားသည်။ Tier 1 သည် အကောင်းဆုံးအဆင့်ဖြစ်ပြီး Tier 3 သည် အဆိုးဆုံး ဖြစ်သည်။ အလယ်အဆင့်နှစ်ခုမှာ စောင့်ကြည့်ရမည့်စာရင်းဖြစ်ပြီး Tier 3 တွင် သတ်မှတ်ခံရသည့် နိုင်ငံများသည် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခံရနိုင်ပြီး အမေရိကန်နှင့် နိုင်ငံတကာမှ နိုင်ငံခြားအကူအညီများ ရယူခွင့်ကို ကန့်သတ်ခံရနိုင်ပါသည်။

## အဆင့်သတ်မှတ်ခြင်း

ထို့အပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်အတွက် လူကုန်ကူးမှုအစီရင်ခံစာတွင် မြန်မာနိုင်ငံအား လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အနိမ့်ဆုံးစံချိန်စံနှုန်းများကိုပင် ပြည့်မီခြင်းမရှိဘဲ အထူးကြိုးပမ်းမှုမရှိသည့်နိုင်ငံများစာရင်း Tier 3 တွင် အပြောင်းအလဲမရှိ ဆက်လက်ဖော်ပြထားပါသည်။ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံကို Tier 3 အဖြစ် ၂၀၁၈ ခုနှစ်ကပင် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၂၂ ခုနှစ်နှင့်ဆိုပါက ငါးနှစ်ဆက်တိုက်ရှိပြီဖြစ်သည်။ Tier အဆင့် သတ်မှတ်ချက်များကို အောက်ပါအတိုင်း သတ်မှတ်ထားသည်ကို တွေ့ရပါသည်။

အဆင့် ၁ ။ လူကုန်ကူးခံရသူများ ကာကွယ်ရေးအက်ဥပဒေ (TVPA) ၏ အနိမ့်ဆုံးသော စံသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာကျင့်သုံးသောနိုင်ငံများ၊

အဆင့် ၂ ။ လူကုန်ကူးခံရသူများ ကာကွယ်ရေးအက်ဥပဒေ (TVPA) ၏ အနိမ့်ဆုံးသော စံသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာကျင့်သုံးခြင်း မရှိသေးသော်လည်း ထိုစံသတ်မှတ်ချက်များကို လိုက်နာရန် သိသာထင်ရှားသော အင်အား စိုက်ထုတ်မှုများ ပြုနေသော နိုင်ငံများ၊

အဆင့် ၂ ။ စောင့်ကြည့်စာရင်း – လူကုန်ကူးခံရသူများ ကာကွယ်ရေးအက်ဥပဒေ (TVPA) ၏ အနိမ့်ဆုံးသော စံသတ်မှတ်ချက်များကို အပြည့်အဝ လိုက်နာကျင့်သုံးခြင်း မရှိသေးသော်လည်း ထိုစံသတ်မှတ်ချက်များကို လိုက်နာရန် သိသာထင်ရှားသော အင်အား စိုက်ထုတ်မှုများ ပြုနေသောနိုင်ငံများဖြစ်ပြီး

- ဆိုးရွားသောပုံစံဖြင့် လူကုန်ကူးမှုများကို ခံရသူများ၏ အရေအတွက် အပြည့်အဝမှာ သိသာထင်ရှားခြင်း သို့မဟုတ် သိသာထင်ရှားစွာ မြင့်တက်လာခြင်း၊
- ပြီးခဲ့သောနှစ်က ဆိုးရွားသောပုံစံဖြင့် လူကုန်ကူးမှုများကို တိုက်ဖျက်ရန် ကြိုးစားအားထုတ်မှု တိုးတက်လာကြောင်း သို့မဟုတ်
- အနိမ့်ဆုံးသောစံသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာကျင့်သုံးရန် သိသာထင်ရှားသော အင်အားစိုက်ထုတ်မှုများ ပြုလုပ်ရန် နိုင်ငံတစ်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် ထိုနိုင်ငံအခြေအနေဖြင့် နောင်နှစ်တွင် လုပ်ဆောင်သည့် အနာဂတ်ခြေလှမ်းများ အပေါ်တွင် အခြေခံသည်။

အဆင့် ၃ ။ လူကုန်ကူးခံရသူများ ကာကွယ်ရေး အက်ဥပဒေ (TVPA) ၏ အနိမ့်ဆုံးသော စံသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာကျင့်သုံးခြင်း မရှိသေးသည့်အပြင် ထိုစံသတ်မှတ်ချက်များကို လိုက်နာရန် သိသာထင်ရှားသော အင်အားစိုက်ထုတ်မှုများ ပြုလုပ်ခြင်းလည်းမရှိသော နိုင်ငံများ။

လူကုန်ကူးမှုဆိုင်ရာ (TIP) အစီရင်ခံစာ သတ်မှတ်ချက်များကို ၂၀၀၀ ပြည့်နှစ် လူကုန်ကူးခံရသူများ ကာကွယ်ရေးဥပဒေ (Trafficking Victims Protection Act – TVPA) တွင် ဖော်ပြထားသော စံနှုန်းများနှင့် ကိုက်ညီမှုအပေါ်အခြေခံ၍ နိုင်ငံများကို အဆင့်များခွဲထားသည်ဆိုသော်လည်း အဆင့် ၃ သတ်မှတ်ထားသည့်နိုင်ငံအများစုသည် တိုက်ဆိုင်စွာပင် အမေရိကန်နိုင်ငံက နိုင်ငံရေးအရ ပစ်မှတ်ထားနေသည့် နိုင်ငံများဖြစ်သည်ကို တွေ့ရပါသည်။

## လူကုန်ကူးမှုသတ်မှတ်ချက်

လူကုန်ကူးမှုဆိုသည်ကို ပါလာမိုပရိုတိုကောလ် (Palermo Protocol) ၏ စာပိုဒ် (က)၊ အပိုဒ်ခွဲ (၃) အရ လူကုန်ကူးခြင်း၏ အပြည်ပြည်ဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်မှာ “ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လူပုဂ္ဂိုလ်တစ်ဦးအား ခြိမ်းခြောက်ခြင်း (သို့) အင်အားသုံးခြင်း (သို့) အခြားပုံစံဖြင့် အတင်းအကျပ် အနိုင်အထက်ပြုခြင်း၊ ဖြားယောင်းခေါ်ဆောင်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အာဏာအလွဲသုံးစားပြုခြင်း၊ ရပ်တည်ရန်ခက်ခဲသော အခြေအနေပေါ်တွင် အလွဲသုံးစားပြုခြင်း၊ ချုပ်ကိုင်နိုင်သူတစ်ဦးတစ်ယောက်၏ သဘောတူညီမှုရရှိရန် အကျိုးအမြတ်ပေးခြင်း (သို့မဟုတ်) ရယူခြင်းဖြင့် လူတစ်ဦးဦးအား သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့မဟုတ်) လက်ခံထားခြင်းတို့ကို ဆိုလိုသည်။ ခေါင်းပုံဖြတ်ခြင်းဟုဆိုရာတွင် အနည်းဆုံး ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အခြားပုံစံဖြင့် လိင်မှုကိစ္စခေါင်းပုံဖြတ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကျေးကျွန်သဖွယ်ပြုခြင်း (သို့မဟုတ်) ကျွန်ကဲ့သို့ အလုပ်လုပ်ရသော အခြေအနေ၊ ခန္ဓာကိုယ်အတွင်းမှ အင်္ဂါအစိတ်အပိုင်းများ ဖယ်ထုတ်ခံရခြင်းများ ပါဝင်သည်။

မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေ ၂၀၂၂၊ အခန်း (၁)၊ အပိုဒ် ၃ (က) တွင် လူကုန်ကူးမှုအဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းထားပါသည်။

## လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ဆောင်မှု

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် လူမှောင်ခိုတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၂၀၀၄ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ဥပဒေရေးရာအရ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ယခင်ဥပဒေအားပြင်ဆင်၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေ ၂၀၀၅ အား ပြဋ္ဌာန်းပြီးနောက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေး ပထမစီမံကိန်းကို ၂၀၀၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပြီးဆုံးခဲ့ပါသည်။ ဒုတိယ ငါးနှစ် စီမံကိန်းအား ၂၀၁၂ မှ ၂၀၁၆ အထိ အကောင်အထည်ဖော်ခဲ့ပြီး တတိယ ငါးနှစ်စီမံကိန်းကို ၂၀၁၇ မှ ၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်သည်။ ယခုအခါ ၂၀၂၂ – ၂၀၂၆ ခုနှစ်အား စတုတ္ထ ငါးနှစ်စီမံကိန်းအဖြစ်သတ်မှတ်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၇ မှစ၍ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း သုံးကြိမ်ဆက်တိုက်အကောင်အထည်ဖော်ခဲ့ပြီး ယင်းအကောင်အထည်ဖော်မှုများမှ တွေ့ရှိချက်၊ သုံးသပ်ချက်များကိုမူတည်၍ မဟာဗျူဟာ (၃) ရပ်၊ နည်းဗျူဟာ (၄) ရပ်ချမှတ်၍ လုပ်ငန်းကဏ္ဍ (၄) ရပ်အောက်တွင် လုပ်ငန်းစဉ် (၈၄) ရပ် ထည့်သွင်းရေးဆွဲအတည်ပြုခဲ့ထားပြီးဖြစ်သည်။ ယခု ၂၀၂၂ ခုနှစ်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးရည်ရွယ်ချက်များတွင်

စာမျက်နှာ ၇ သို့

# မြိတ်မြို့ သီတဂူဇီဝိတဒါန၊ စက္ခုဒါနဆေးရုံဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သီတဂူဇီဝိတဒါန၊ စက္ခုဒါနဆေးရုံတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံတော်၌ ပြုလုပ်ရာ ကမ္ဘာ့သာသနာပြုသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတရေ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက သီတဂူဇီဝိတဒါန၊ စက္ခုဒါနဆေးရုံတော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သီတဂူဆရာတော်ကြီးက ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။



သီတဂူဇီဝိတဒါန၊ စက္ခုဒါနဆေးရုံတော်ကြီး ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်အား သီတဂူ ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

ထို့နောက် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနာရဒက သီတဂူဇီဝိတဒါန၊ စက္ခုဒါနဆေးရုံတော် ဖြစ်ပေါ်လာရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားခြင်း၊ တိုင်းဒေသကြီးဝန်ကြီးက သီတဂူဆရာတော်ကြီးထံ ဂါရဝပြုကျေးဇူးတင်လွှာဆက်ကပ်ခြင်းနှင့် သီတဂူဆရာတော်ကြီးမှ ဆေးရုံတော် စီမံစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းထံ ဆေးရုံတော်ဆိုင်ရာစာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်ကြပြီး ဆေးရုံတော်စီမံစောင့်ရှောက်ရေးဥက္ကဋ္ဌက ကျေးဇူးတင်စကား လျှောက်ထားတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သီတဂူဆရာတော်ကြီးက ဆေးရုံတော်ဖြစ်မြောက်ရေး အလှူတော်ငွေများ ပါဝင်လှူဒါန်းကြသော အလှူရှင်များနှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များအား ဂုဏ်ပြုမော်ကွန်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ဩဝါဒအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ခွဲစိတ်ကုသမှုခံယူကြမည့် ဒေသခံပြည်သူများအား မျက်စိအထူးကုပါရဂူကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိခွဲစိတ်ကုသနိုင်ရေး စနစ်တကျ စစ်ဆေးနေမှုနှင့် ခွဲစိတ်ကုသပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

(၁)လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ (၂) လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ (၃) လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရန်၊ (၄) လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် တို့ကို ချမှတ်ထားပါသည်။

နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် လူကုန်ကူးမှုများ ကာကွယ်တားဆီးရန်အတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံသည် ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

### မြန်မာနိုင်ငံအပေါ်အကြောင်းပြချက်

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသော်လည်း အမေရိကန်နိုင်ငံက ၂၀၂၂ ခုနှစ်အတွက် ထုတ်ပြန်သည့် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာတွင် မြန်မာနိုင်ငံအား Tier 3 သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံသည် ကလေးငယ်များ အပါအဝင် အရပ်သားများအား အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှု၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် လုံလောက်သော ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံရေးအခြေအနေနှင့် စီးပွားရေးအခြေအနေများကြောင့် အလုပ်အကိုင်ဆုံးရှုံးရမှုများ၊ အခြားနိုင်ငံများသို့ ထွက်ခွာသွားမှုများ၊ တရားဥပဒေစိုးမိုးရေး၊ ဘင်္ဂါလီနှင့် အခြားလူနည်းစု တိုင်းရင်းသားကိစ္စများတွင် လုံလောက်သော ကြိုးပမ်းအားထုတ်မှုမရှိသည့်အတွက် အဆင့်လျှော့ချထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော်လည်း အခက်အခဲများနှင့် စိန်ခေါ်မှုများ ရှိနေသည်မှာ မှန်သော်လည်း ယင်းအစီရင်ခံစာအတွက် မြန်မာနိုင်ငံဆိုင်ရာကိုးကားသည့် သတင်းအချက်အလက်များသည် အစိုးရအားဆန့်ကျင်နေသည့် အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ တရားမဝင်အဖွဲ့အစည်းများမှပေးပို့သည့် အချက်အလက်များအပေါ် တစ်ဖက်သတ်အခြေခံပြုစုထားသည်ကို တွေ့ရသည်။ ထို့အပြင် ယင်းအစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး မတည်မငြိမ်ဖြစ်စေရန်နှင့် အလုံးစုံပျက်စီးစေရန် မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေကြသည့် အမေရိကန်နိုင်ငံကဲ့သို့သော နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကြောင့် ဖြစ်ပွားလာသည့် အကျိုးဆက်များကို ဖော်ပြမထားသည်ကို တွေ့ရပါသည်။

### ဘင်္ဂါလီများအရေး

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအား ဖိအားပေးသည့်အခါတိုင်း အဓိကအသုံးပြုသည့် အကြောင်းပြချက်များထဲတွင် ဘင်္ဂါလီကိစ္စမှာ ထိပ်တန်းမှ ပါဝင်မြဲဖြစ်သည်။ ယခုလည်း မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး အနည်းဆုံးအဆင့် သတ်မှတ်ရာတွင် ဘင်္ဂါလီများကိစ္စ ထည့်သွင်းထားပြန်ပါသည်။ ထို့အပြင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအား Tier 3 စတင်သတ်မှတ်ခဲ့သည့် ၂၀၁၈ ခုနှစ်သည် မြန်မာနိုင်ငံအတွင်း ဘင်္ဂါလီကိစ္စ ပြင်းထန်နေချိန်နှင့် တိုက်ဆိုင်စွာ သတ်မှတ်ခဲ့ခြင်းမှာ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် ရည်ရွယ်ချက်ပင် ဖြစ်သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအား ဘက်ပေါင်းစုံမှဖိအားပေးရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ OIC ကဲ့သို့သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အမေရိကန်နိုင်ငံ၏ အစိုးရယန္တရားများကို အသုံးပြုခဲ့သည်။ ယနေ့ထက်တိုင်လည်း အသုံးပြုနေဆဲဖြစ်ပြီး မြန်မာနိုင်ငံမှ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် လက်နက်ကိုင်အဖွဲ့များကို အမေရိကန်နိုင်ငံက နောက်ကွယ်မှ ပံ့ပိုးကူညီနေပြီး မြန်မာနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်ရန် လုပ်ဆောင်နေပါသည်။ အမေရိကန်နိုင်ငံသည် မည်သို့ပင် လူ့အခွင့်အရေးများ၊ ဒီမိုကရေစီနှင့် လူသားချင်းစာနာထောက်ထားမှုများ ကျယ်လောင်စွာပြောနေစေကာမူ နောက်ကွယ်တွင် အယ်ခိုင်ဒါကဲ့သို့သော ကမ္ဘာ့အကြီးဆုံး အကြမ်းဖက်အဖွဲ့အစည်းကြီးကို မွေးထုတ်မြေတောင်မြှောက်ပေးခဲ့သည်မှာ လက်တွေ့ပင်ဖြစ်သည်။

### နိုင်ငံရေးလက်နက်

အမေရိကန်နိုင်ငံ၏ လူကုန်ကူးမှု အစီရင်ခံစာသည် နိုင်ငံအလိုက်သတ်မှတ်ချက်များနှင့် လက်တွေ့ကျမှုရှိ/မရှိနှင့် ရိုးသားမှု ရှိ/မရှိ ဆိုသည်မှာ စဉ်းစားစရာဖြစ်ပါသည်။ လူကုန်ကူးမှုသည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်တစ်ခုဖြစ်သည့်အတွက် နိုင်ငံတိုင်း၊ လူ့အဖွဲ့အစည်းတိုင်းအနေဖြင့် လုပ်ဆောင်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ သို့သော်လည်း အမေရိကန်နိုင်ငံက အဆင့်သတ်မှတ်ရာတွင် ယင်းနိုင်ငံများအပေါ် နိုင်ငံရေးပယောဂနှင့် ၎င်း၏ အကျိုးစီးပွား ကင်းရှင်းမှု ရှိ/မရှိ ဆိုသည်မှာ သံသယဖြစ်ဖွယ်ရှိပါသည်။

ယခု ၂၀၂၂ ခုနှစ်အတွက် ကြိုးစားအားထုတ်မှု အနည်းဆုံးနိုင်ငံများ စာရင်းတွင် ပါဝင်သည့် နိုင်ငံများသည် တိုက်ဆိုင်စွာပင် အမေရိကန် ဝင်ရောက်စွက်ဖက်နေဆဲ နိုင်ငံများဖြစ်နေသည်ကို ကြည့်ခြင်းအားဖြင့် အမေရိကန်၏ ဦးတည်ချက်အမှန်ကို တွေ့ရမည် ဖြစ်ပါသည်။ ထိုစာရင်းတွင် လောလောလတ်လတ် အမေရိကန်နှင့် တင်းမာမှုဖြစ်ပွားနေသည့် ရုရှားနိုင်ငံကိုလည်း Tier 3 တွင် ထည့်သွင်းထားပါသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံအစိုးရအား ဆန့်ကျင်နေသည့် အဖွဲ့အစည်းများနှင့် အကြမ်းဖက်အဖွဲ့အစည်းများထံမှ သတင်းနှင့် အချက်အလက်များဖြင့် သုံးသပ်ဖော်ပြကာ အမေရိကန်အလိုကျ အဆင့်သတ်မှတ်ထားပါသည်။ ထိုသို့သတ်မှတ်လိုက်ခြင်းဖြင့် Tier 3 အဆင့်သို့ရောက်ရှိနေသည့်နိုင်ငံများအပေါ် အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့ခြင်း၊ အမေရိကန်နှင့် နိုင်ငံတကာမှ နိုင်ငံခြားအကူအညီများ ရယူခွင့်ကို ကန့်သတ်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံအားလည်း ထိုသို့အရေးယူမှုများ ပြုလုပ်မည်ဟု ထုတ်ပြန်ထားပါသည်။ အမေရိကန်၏ အဓိကလိုရင်းဦးတည်ချက်မှာ ယင်းအချက်ပင်ဖြစ်သည်။ ၎င်း၏အဓိကပစ်မှတ်နိုင်ငံများကို အရေးယူပိတ်ဆို့မှုများပြုလုပ်၍ ဖိအားပေးနိုင်ရန်အတွက် ယခုလူကုန်ကူးမှုအစီရင်ခံစာအား အသုံးချခြင်းပင် ဖြစ်ပါသည်။

ထို့အပြင် ကမ္ဘာတွင် လူကုန်ကူးမှုသိသိသာသာ ဖြစ်ပွားနေသည့် နိုင်ငံများကို ထင်ရှားစွာတွေ့မြင်နေသော်လည်း Tier 3 တွင် ယင်းနိုင်ငံများ မပါဝင်လာခြင်းမှာ မရိုးသားမှုဖြစ်ပါသည်။ သို့ဖြစ်ရာ အမေရိကန်နိုင်ငံ၏ ၂၀၂၂ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစီရင်ခံစာသည် သုံးသပ်အကဲဖြတ်ထားသည့် နိုင်ငံပေါင်း ၁၈၈ နိုင်ငံအား လွှမ်းခြုံကိုယ်စားပြုခြင်းမရှိဘဲ အမေရိကန်နိုင်ငံတစ်နိုင်ငံတည်း၏ သဘောထားကို ကိုယ်စားပြုနေခြင်းသာဖြစ်သည်။ အမေရိကန်ကဲ့သို့သော ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံက ရေမှုတ်တစ်ဖက် မီးစတစ်ဖက်ဖြင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ်ရန် ကြိုးစားနေသမျှ နိုင်ငံများအကြား တင်းမာမှုများ ပိုမိုမြင့်တက်လာနိုင်ပြီး ကမ္ဘာတစ်လွှား မငြိမ်းချမ်းမှုများ ဆက်လက်ဖြစ်နေဦးမည် ဖြစ်ပါသည်။

**ကိုးကား**

Trafficking in Persons Report, Department of States, United States of America, July 2022

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

# မန္တလေးဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား အကျဉ်းသူ ၄၅၅ ဦးအား လွှတ်ပေး

**မန္တလေး နိုဝင်ဘာ ၁၇**

ယနေ့ကျရောက်သည့် အမျိုးသား အောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားသောအားဖြင့်လည်းကောင်း နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူ ၅၇၇၄ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလိုက်ရာ မန္တလေးမြို့ရှိ မန္တလေးဗဟို အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၅၅ ဦး လွတ်ငြိမ်း ခွင့်ရရှိခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ရှေ့ဆက်၍ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက်သွားကြရန်၊ မိသားစုဘဝ အေးချမ်းသာယာ တိုးတက်အောင် နေထိုင်သွားကြရန်၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားကြရန်နှင့် နောင်တွင် ပြစ်မှုပြစ်ဒဏ်များ မကျူးလွန်ကြရန် ဆုံးမသြဝါဒစကားများ ပြောကြားခဲ့သည်။

ထို့နောက် လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင် တာဝန်ရှိသူများက ကိုဗစ် -၁၉ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။ **(အပေါ်ယာပုံ)**



"ကျွန်တော်တို့ အကျဉ်းဦးစီးဌာနဆိုတာက ထောင်ထဲမှာရှိတဲ့ အကျဉ်းသားအားလုံးကို တရားဝင် လွတ်စေချင်ပါတယ်။ ထောင်ဆိုတာက လူ့အတွက် ဘဝဆုံးရှုံးပါတယ်။ ဒါကြောင့် အကျဉ်းသားတွေဟာ လိမ္မာကြပြီး ဒီလိုလွတ်သွားကြတယ်ဆိုရင် တိုင်းပြည်အတွက် ကောင်းတဲ့အလားအလာဖြစ်ပါတယ်။ အလွန် ဝမ်းသာပါတယ်" ဟု တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ဦးစီးမှူး ဦးချိုဝင်းထွန်းက ပြောသည်။

ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ဖြင့် ပြန်လည် လွတ်မြောက်လာသူ တစ်ဦးကလည်း "အခုလို လွတ်မြောက်လာတဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ ကျွန်တော်မိသားစုနဲ့ ကွဲကွာနေတာ နှစ်နှစ်ခွဲရှိပါပြီ။ အခုဆို မိသားစုနဲ့ ပြန်လည်ဆုံတွေ့ရမှာဖြစ်တဲ့အတွက် အလွန်ကို ပျော်ရွှင်နေမိပါတယ်။ ထောင်ထဲမှာ ကျန်ရှိနေတဲ့ အကျဉ်းသား အကျဉ်းသူတွေအနေနဲ့လည်း နိုင်ငံတော်က စေတနာ၊ မေတ္တာနဲ့ပေးတဲ့ လွတ်ငြိမ်းခွင့်ကို အမြန်ဆုံးရရှိခံစားနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ နိုင်ငံတော်အကြီးအကဲ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်" ဟုပြောသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း အကျဉ်းထောင် ခြောက်ခုရှိပြီး ယနေ့တွင် အမိန့်အရ အကျုံးဝင်ပြီး လွတ်ငြိမ်းခွင့်ရရှိသည့် အမျိုးသား ၈၇၄ ဦးနှင့် အမျိုးသမီး ၁၁၄ ဦး စုစုပေါင်း ၉၈၈ ဦးကို လွှတ်ပေးခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနက် မန္တလေးဗဟိုအကျဉ်းထောင်မှ ၄၅၅ ဦး၊ မြင်းခြံအကျဉ်းထောင်မှ ၁၆၇ ဦး၊ မိတ္ထီလာအကျဉ်းထောင်မှ ၈၉ ဦး၊ ရမည်းသင်းအကျဉ်းထောင်မှ ၂၀၉ ဦး၊ ညောင်ဦးအကျဉ်းထောင်မှ ၄၆ ဦး နှင့်နေပြည်တော် အကျဉ်းထောင်မှ ၂၂ ဦး လွှတ်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

**မောင်အေးချမ်း**

# ရခိုင်ပြည်နယ်အတွင်း အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၁၉၄ ဦး လွတ်မြောက်

**စစ်တွေ နိုဝင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ အမိန့်အမှတ် ၇၀/ ၂၀၂၂ ဖြင့် ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (အမျိုးသား အောင်ပွဲနေ့) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၁၉၄ ဦး လွတ်မြောက်ကြောင်း သိရသည်။

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက် (ခရစ်နှစ် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကျရောက်သည့် အမျိုးသား အောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေကြရသော နိုင်ငံသား အကျဉ်းသား အကျဉ်းသူများကို နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် ဟူသော စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ လွတ်ငြိမ်းခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၆၂ ဦး၊ အကျဉ်းသူ ကိုးဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား ၃၀၊ အကျဉ်းသူ တစ်ဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသား ၁၆ ဦးနှင့် သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ၇၄ ဦး၊ အကျဉ်းသူနှစ်ဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၁၉၄ ဦးလွတ်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းနှင့် မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ – တင်ထွန်း(ပြန်/ဆက်)**



စစ်တွေအကျဉ်းထောင်မှ လွတ်မြောက်လာသည့် အကျဉ်းသား အကျဉ်းသူများကို တွေ့ရစဉ်။

# လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၈၀ လွှတ်ပေး

**လားရှိုး နိုဝင်ဘာ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ အမိန့်အမှတ်၊ ၇၀/ ၂၀၂၂ အရ ရှမ်းပြည်နယ် (မြောက်ပိုင်း ) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အစီအစဉ်ကို ယနေ့ နံနက် ၁၁ နာရီက လားရှိုးအကျဉ်းထောင်ရှိ ဓမ္မာရုံတွင် ပြုလုပ်သည်။




အဆိုပါ အစီအစဉ်သို့ အကျဉ်းဦးစီးဌာနမှ ရှမ်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းကျော်တင့်၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအား ဆုံးမသြဝါဒစကား ပြောကြားခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်၊ ၇၀/ ၂၀၂၂ အရ ရှမ်းပြည်နယ် (မြောက်ပိုင်း ) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ အကျဉ်းသား ၆၉ ဦး၊ အကျဉ်းသူ ၁၁ ဦး စုစုပေါင်း ၈၀ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘူးသီးတောင်အကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ရ အကျဉ်းသားများအား လွှတ်ပေး

**ဘူးသီးတောင် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် ဘူးသီးတောင် အကျဉ်းထောင်မှ နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းသား ၁၆ ဦး လွှတ်ပေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ဘူးသီးတောင်မြို့ အကျဉ်းဦးစီးဌာန မြတ်ရတနာဓမ္မာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျန်အေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်ကျော်ကျော်တို့က လွတ်မြောက်လာသော အကျဉ်းသားများအား ဆုံးမသြဝါဒစကား ပြောကြားသည်။

ထို့နောက် ဘူးသီးတောင်အကျဉ်းထောင်မှ တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်စိုးလှိုင်က အမှာစကား ပြောကြားပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအား ထောင်ထွက်လက်မှတ်နှင့် စားစရိတ်/ခရီးစရိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှကျော် (ပြန်/ဆက်)**

■ *ကျောဖုံးမှ*

အကျဉ်းသူ ၉၈၅ ဦး တို့ကို Stadium ခန်းမ၌ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်တို့က သြဝါဒစကားများ ပြောကြားကြသည်။ (ယာပုံ)

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းရှိ အကျဉ်းသား ၅၀၉၈ ဦး၊ အကျဉ်းသူ ၆၇၆ ဦး စုစုပေါင်း ၅၇၇၄ ဦးကို လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံခြားသားများ ဖြစ်ကြသည့် မစ္စတာရှောင်တာနယ်၊ မစ္စတာတိုရူကူဘိုတာ၊ မစ္စဗစ်ကီ ဘိုးမန်းနှင့် အမေရိကန်နိုင်ငံသားခံယူထားသော ဦးကျော်ဌေးဦးတို့ကိုလည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

နိုင်ငံတော်၏ လွတ်ငြိမ်းခွင့်ရရှိသော အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ၈၉၄ ဦး၊ အကျဉ်းသူ ၈၇ ဦးနှင့် နိုင်ငံခြားသားလေးဦး စုစုပေါင်း ၉၈၅ ဦးတို့ကို မွန်းလွဲ ၂ နာရီခွဲမှစ၍ ရန်ကုန်မြို့၏ ခရိုင်လေးခုသို့ YBS ယာဉ်များဖြင့် အေးချမ်းမှုကို ဖော်ဆောင်သည့် မိုးဖွဲဖွဲအောက်တွင် ပို့ဆောင်ခဲ့ပြီး အင်းစိန် ဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော နိုင်ငံသား အကျဉ်းသား အကျဉ်းသူ ၉၈၁ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား လေးဦးတို့ကို နိုင်ငံတော်၏ စေတနာအမှန်ကို ထုတ်ဖော်ပြသည့်အနေဖြင့် လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဓာတ်ပုံ - ကနူး**



## မြင်းခြံဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား ၁၁၆ ဦး လွှတ်ပေး

**မြင်းခြံ နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံ ဗဟိုအကျဉ်းထောင် အတွင်းရှိ အချုပ်သား၊ အချုပ်သူများအနက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် လွတ်ငြိမ်းသက်သာခွင့်ရ အချုပ်သား ၁၁၆ ဦးအား လွှတ်ပေးခြင်း အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီက မြင်းခြံဗဟိုအကျဉ်းထောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကား ပြောကြားပြီး ဒုတိယရဲမှူးကြီး ဇေယျာကျော်က သြဝါဒစကားများနှင့် အမှုပိတ်သိမ်း၍ လွှတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးကြောင်း လက်မှတ်၊ ခရီးစရိတ်နှင့် စားစရိတ်များ ပေးအပ်သည်။



အခမ်းအနားသို့ မြင်းခြံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လှိုင်၊ ဒုတိယရဲမှူးကြီး ဇေယျာကျော်၊ မြင်းခြံအကျဉ်းထောင်မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ချိုနှင့် ပြစ်မှုဆိုင်ရာပိတ်သိမ်းခြင်းကြောင့် လွတ်မြောက်သွားသော အချုပ်သားများ တက်ရောက်ကြသည်။ ပြစ်မှုဆိုင်ရာ အမှုများအား ပိတ်သိမ်းပေးခြင်းကြောင့် လွတ်မြောက်သွားသော အချုပ်သား ၁၁၆ ဦးအား မြို့နယ် ရဲတပ်ဖွဲ့ဝင်များက လိုက်လံပို့ဆောင်ပေးကြသည်။

**ကျော်စွာ(မြင်းခြံ)**

## မိတ္ထီလာအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရ အကျဉ်းသားအကျဉ်းသူ ၈၉ ဦးအား လွှတ်ပေး

**မိတ္ထီလာ နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အကျဉ်းဦးစီးဌာနမှ လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူ ၈၉ ဦးကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က နန်းတော်ကုန်းရပ်ကွက်ရှိ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွဋ်၊ မိတ္ထီလာ အကျဉ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစောဘောနီတို့က ပြစ်ဒဏ်မှ



လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်မည့် အကျဉ်းသားအကျဉ်းသူများအား မိတ္ထီလာအကျဉ်းဦးစီးဌာနရုံးခန်း၌ ဆုံးမသြဝါဒစကားများ ပြောကြားပြီး လမ်းစရိတ်အဖြစ် ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

ယင်းနောက် မိတ္ထီလာမြို့နယ် အကျဉ်းဦးစီးဌာနရှိ အကျဉ်းထောင်မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့် အမှတ် ၇၀/၂၀၂၂ အရ အကျဉ်းသား အကျဉ်းသူများအား ကျင့်-၄၀၁(ခ)အရ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား ၇၆ ဦးနှင့် အကျဉ်းသူ ၁၃ ဦးတို့ကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သန်လျင်၌ အမျိုးသားအောင်ပွဲနေ့အခမ်းအနားကျင်းပ

**သန်လျင် နိုဝင်ဘာ ၁၇**

၂၀၂၂ ခုနှစ် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် သန်လျင်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာရှင်းသန့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက ဓာတိမာန်သီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ၂၀၂၂ ခုနှစ် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ထံမှ ပေးပို့သောသဝဏ်လွှာကို သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က ဖတ်ကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## တပ်ကုန်းမြို့နယ် ကင်းသာ (၁/၂) ကုန်ထုတ်စခန်းမှ လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၄၈ ဦးအား လွှတ်ပေး

**တပ်ကုန်း နိုဝင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ကင်းသာ(၁/၂)ကုန်ထုတ် စခန်းတွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ရရှိသူများအား ဆုံးမသြဝါဒပေးခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ က ကင်းသာ(၁)ကုန်ထုတ်စခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စံသူ၊ တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အောင်မိုး၊ ကင်းသာ(၁)ကုန်ထုတ်စခန်း တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်လင်းအောင်၊ ကင်းသာ(၂)ကုန်ထုတ်စခန်း တာဝန်ခံ ဦးစီးအရာရှိ ဦးစိုးသီဟ၊ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ရရှိသူများအား ဆုံးမသြဝါဒစကားများ ပြောကြားသည်။ တပ်ကုန်းမြို့နယ် ကင်းသာ(၁)ကုန်ထုတ်စခန်းတွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ရရှိသူ ၃၂ ဦး၊ ကင်းသား(၂) ကုန်ထုတ်စခန်းတွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရရှိသူ ၁၆ ဦး စုစုပေါင်း၄၈ ဦးတို့ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိကြောင်း သိရသည်။ **တင်စိုးလွင်**

## သီပေါအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၁၆ ဦး လွှတ်ပေး

**သီပေါ နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက သီပေါအကျဉ်းဦးစီးဌာနရိပ်သာ၌ ကျင်းပသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အကျဉ်းသားများကို ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်ထွန်းသူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြင့်မြတ်နှင့် ထောင်တာဝန်ခံအရာရှိ ဦးစိုးသီဟတို့က ဆုံးမသြဝါဒစကားပြောကြားရာတွင် မိမိနေရပ်အသီးသီးသို့ ကောင်းမွန်စွာ သွားရောက်ကြရန်နှင့် နေရပ်သို့ ရောက်ရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများမှ စီစဉ်မှုအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသည့် သီပေါအကျဉ်းထောင်မှ အကျဉ်းသား ၁၆ ဦးကို လွတ်ငြိမ်းခွင့်လက်မှတ်၊ ခရီးစရိတ်၊ စားစရိတ်များ ထောက်ပံ့ကာ သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်မည့် ကားဂိတ်များသို့ ပို့ဆောင်ပေးကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ပေါက်တောမြို့နယ် မော်ထုပ်ကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း

**ပေါက်တော နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ပေါက်တောမြို့နယ် မော်ထုပ်ကြီးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ခင်းခြင်းကို နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၅ သန်းတို့ဖြင့် ကွန်ကရစ်လမ်း အလျား ၇၀၄ ပေ၊ အကျယ် ၆ ပေ၊ ထု ၆ လက်မ ဆောက်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မဲစာရင်းပြည့်စုံမှန်ကန်ရေးနှင့် နိုင်ငံသားတစ်ဦး၏တာဝန်

**ကံထူးကို**

## နိဒါန်း

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အဓိကအရေးကြီးဆုံးစာရင်းဇယားမှာ မဲစာရင်းဖြစ်ပြီး ထိုမဲစာရင်းသည် ပြည့်စုံမှန်ကန်ရန် လိုအပ်သည်။ ရွေးကောက်ပွဲဥပဒေအရ မဲဆန္ဒရှင်များဖြစ်ကြသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမဲရုံအသီးသီး၌ အလိုအလျောက် ဆန္ဒမဲပေးပိုင်ခွင့်မရနိုင်ပါ။ ဆန္ဒမဲပေးနိုင်ရန်အတွက် ရွေးကောက်ပွဲဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး သက်ဆိုင်ရာမဲရုံ၏ မဲဆန္ဒရှင်စာရင်းတွင် အမည်ပါရှိသူများသာ ဆန္ဒမဲပေးပိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး မဲစာရင်းများပြုစုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြုစုလျက်ရှိပါသည်။

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁(က)တွင် **"ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက် (၁၈) နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"**ဟု ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ တွင် **" ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူ စသော အရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"** ဟု ပြဋ္ဌာန်းထားသည်။

## ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ

ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၂ နှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇ တွင် "သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့ သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ"ဟု ပြဋ္ဌာန်းထားသည်။

## မဲစာရင်းပြုစုခြင်း

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးတို့၏ လူဦးရေစာရင်းများမှန်ကန်ရန်မှာ အဓိကအရေးကြီး၍ သက်ဆိုင်ရာဌာနများက တာဝန်ယူဆောင်ရွက်ရန်လိုအပ်ပါသည်။

## မဲစာရင်းပြုစုရန်နည်းလမ်း

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေအရ မဲစာရင်းကို ပုံစံ(၁)ဖြင့်ပြုစုရမည်ဖြစ်ပြီး မဲစာရင်းပြုစုရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်း

**❋ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကော်မရှင်ကကြေညာပြီးနောက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)ဖြင့် ကြေညာပါသည်။ ထိုသို့ကြေညာချိန်တွင် လွှတ်တော်မဲစာရင်းနှင့်စပ်လျဉ်းသော ကြေညာစာပုံစံ(၂)ကိုပါ တစ်ပါတည်းကြေညာသည်။ မဲစာရင်းများ ထုတ်ပြန်ကြေညာချိန်တွင် မဲဆန္ဒရှင်များသည် မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ၊ မရှိသွားရောက်ကြည့်ရှုရမည်ဖြစ်သည်။ မိမိအမည်ပါဝင်ခြင်းမရှိပါက မဲစာရင်း၌ အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မဲစာရင်း၌အချက်အလက်များပြင်ဆင်ပေးရန်တောင်းဆိုခြင်းနှင့် မဲစာရင်း၌ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင် ကန့်ကွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်**

အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို ပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့် လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးတို့က ပြုစုထားသည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုခြင်းဖြစ်သည်။ **ထို့ကြောင့် ရယူအခြေခံသော လူဦးရေစာရင်းများ မှန်ကန်မှသာ မဲစာရင်းပြည့်စုံမှန်ကန်မည်ဖြစ်သောကြောင့် မြို့နယ်** (မသန်စွမ်းသူများအပါအဝင်)တို့ကို ရယူအခြေခံပြီး ပြုစုပါသည်။ မဲစာရင်းများကို ပုံမှန်စိစစ်ပြုစုရန်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးသည် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) အရ အသက် (၁၈) နှစ်ပြည့်သူများ၏ အမည်စာရင်းများနှင့် ပြောင်းရွှေ့ဝင်ရောက်လာသူများ၏ အမည်စာရင်း၊ ပြောင်းရွှေ့ထွက်ခွာသွားသူများ၏ အမည်စာရင်းများကို လစဉ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့တင်ပြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို စိစစ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏အမည်စာရင်းကို မဲစာရင်းတွင်ထည့်သွင်းရမည်ဖြစ်ပါသည်။ ကွယ်လွန်သူများ၏အမည်စာရင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့၏အတည်ပြုချက်ဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက မဲစာရင်းမှ ပယ်ဖျက်ရမည်ဖြစ်ပါသည်။

## မဲဆန္ဒရှင်တိုင်း မဲစာရင်းတွင် ပါဝင်ရေး

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် မိမိလက်ရှိနေထိုင်ရာဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)(အထစ)ရှိရမည့်အပြင် အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရလက်မှတ်နှင့် အမျိုးသားမှတ်ပုံတင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားမှ မဲစာရင်းတွင်ပါဝင်ပြီး မဲပေးနိုင်မည်ဖြစ်သည်။ ဤအချက်ကို မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အထူးသတိပြုစေလိုပါသည်။

## မဲစာရင်းကြေညာခြင်း

ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကော်မရှင်ကကြေညာပြီးနောက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)ဖြင့် ကြေညာပါသည်။ ထိုသို့ ကြေညာချိန်တွင် လွှတ်တော်မဲစာရင်းနှင့်စပ်လျဉ်းသော ကြေညာစာပုံစံ(၂)ကိုပါ တစ်ပါတည်းကြေညာသည်။ မဲစာရင်းများ ထုတ်ပြန်ကြေညာချိန်တွင် မဲဆန္ဒရှင်များသည် မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ၊ မရှိသွားရောက်ကြည့်ရှုရမည်ဖြစ်သည်။ မိမိအမည်ပါဝင်ခြင်းမရှိပါက မဲစာရင်း၌ အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မဲစာရင်း၌အချက်အလက်များ ပြင်ဆင်ပေးရန်တောင်းဆိုခြင်းနှင့် မဲစာရင်း၌ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင် ကန့်ကွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်ပြီး မဲစာရင်းတွင်ပါဝင်သော မဲဆန္ဒရှင်တိုင်း မဲပေးနိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

ပုံစံ(၁)

**လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း**

**၂၀ ခုနှစ်၊ လွှတ်တော်မဲဆန္ဒနယ်မဲဆန္ဒရှင်စာရင်း**

[ နည်းဥပဒေ၄ ]

------------------------------ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (    )

------------------------------------မြို့နယ် ---------------------- ရပ်ကွက်/ကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အမည် | ကျား/ မ | မွေးသက္ကရာဇ် | နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် | အဘ အမည် | အမိ အမည် | နေရပ် လိပ်စာ | ထိုးမြဲလက်မှတ်သို့မဟုတ် လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။ ရှင်းလင်းချက်များကိုကျောဘက်တွင်ဖော်ပြထားပါသည်။

*စာမျက်နှာ ၁၀ မှ*

## နိုင်ငံသားတစ်ဦး၏တာဝန်

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉(က)တွင် **"နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့် ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်"**ဟူ၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၅ တွင် **"နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့် ရှိသည်"**ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံသားများ (နိုင်ငံ့ဝန်ထမ်းများအပါအဝင်)သည် အရပ်ဒေသတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ရာတွင် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေများနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) ပြောင်းရွှေ့ရန်တာဝန်ရှိပါသည်။ ထို့အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃ (ဆ) တွင် **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအနေဖြင့် အခြားရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုမှ ညဉ့်အိပ်ညဉ့်နေလာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်းကို သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း"** ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်းသည် အခြေစိုက်နေထိုင်သည့် မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)(အထစ) ရှိရမည်ဖြစ်ပြီး ပြောင်းရွှေ့မည်ဆိုလျှင် ပြောင်းရွှေ့မည့်မြို့နယ်သို့ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)(အထစ) ပြောင်းရွှေ့ရမည်ဖြစ်သည်။ သို့မှသာ လက်ရှိနေထိုင်သည့်မြို့နယ်၏ မဲစာရင်းတွင်ပါဝင်မည် ဖြစ်သည်။

## အိမ်ထောင်စုလူဦးရေစာရင်း လဝကပုံစံ(၆၆/၆)(အထစ)

အိမ်ထောင်စုလူဦးရေစာရင်း လ ဝ က ပုံစံ(၆၆/၆) (အထစ)ကို ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေအရ ထုတ်ပေးခြင်းဖြစ်ရာ နိုင်ငံအတွင်း နေထိုင်သူများသည် နေထိုင်သည့်လိပ်စာပြောင်းသွားပါက ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေများပါအတိုင်း သတင်းပို့အကြောင်းကြားရမည်ဖြစ်သည်။ အိမ်ထောင်စုလူဦးရေစာရင်း လ ဝ က ပုံစံ(၆၆/၆)(အထစ)တွင် **"ဤအိမ်ထောင်စုလူဦးရေစာရင်းသည် ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး အက်ဥပဒေအရ ထုတ်ပေးခြင်းဖြစ်၍ (ကာယကံရှင်) မြေ/ အဆောက်အဦ၊ အိမ်ခန်း ပိုင်ဆိုင်ခွင့်နှင့် လုံးဝမသက်ဆိုင်စေရ"**ဟု ဖော်ပြထားပါသည်။ နိုင်ငံသားများ(နိုင်ငံ့ဝန်ထမ်းများအပါအဝင်)သည် အခြေစိုက်နေထိုင်ရာဒေသမှ အခြားဒေသတစ်ခုခုသို့ပြောင်းရွှေ့ပါက ရောက်ရှိရာဒေသတွင် ဥပဒေနှင့်အညီ နေထိုင်ရန်အတွက် အိမ်ထောင်စုလူဦးရေစာရင်း လ ဝ က ပုံစံ (၆၆/၆) (အထစ)များ ပြောင်းရွှေ့ရမည်ဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေတွင် **"အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်သည် ဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်သည်ဖြစ်စေ ပြစ်မှုကျူးလွန်သူတိုင်းကို ပြစ်မှုထင်ရှားစီရင်သောအခါ နှစ်နှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေငါးရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ စီရင်ရမည်ဟုလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးတွင် မည်သို့ပင်ပါရှိစေကာမူ ထိုပြစ်မှုကျူးလွန်သူကို အကျဉ်းစစ်ဆေး၍ ပြစ်မှုထင်ရှား စီရင်သောအခါ ခြောက်လထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေနှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ် ငွေဒဏ် နှစ်ရပ်လုံးကိုဖြစ်စေ စီရင်ရမည်"** ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

## ပြောင်းရွှေ့ခြင်း သို့မဟုတ် မှတ်ပုံတင်ထားသည့် လိပ်စာမှထွက်ခွာခြင်း

၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၅ တွင် **"လူတစ်ဦးတစ်ယောက်သည် တစ်ဆက်တည်း တစ်လတည်း တစ်လထက်ပို၍ မိမိမှတ်ပုံတင်ထားသည့် လိပ်စာမှခေတ္တထွက်ခွာသွားလျှင် ထိုသူသည် မိမိမှတ်ပုံတင်ထားသည့် လိပ်စာတည်နေရာရှိ ဆိုင်ရာစာရင်းထိန်းထံဖြစ်စေ၊ မိမိရောက်နေသောနေရပ်၌ ဆိုင်ရာစာရင်းထိန်းထံမှဖြစ်စေ၊ မှတ်ပုံတင်ထားသည့်လိပ်စာမှ ထွက်ခွာကြောင်းကို အကြောင်းကြားရမည်"**ဟုလည်းကောင်း၊ နည်းဥပဒေ ၂၆(၁)တွင် **"မှတ်ပုံတင်ထားသူတစ်ဦးတစ်ယောက်သည်မိမိမှတ်ပုံတင်ထားသည့်လိပ်စာပြောင်းလဲသောအခါ ထိုသို့ပြောင်းလဲကြောင်းကို နည်းဥပဒေခွဲ(၂)တွင် ပြဋ္ဌာန်းထားသည့် အတိုင်း အကြောင်းကြားရမည်"**ဟုလည်းကောင်း၊ နည်းဥပဒေ ၂၆(၂) တွင် **"လူတစ်ဦးတစ်ယောက်သည် မိမိ၏နေရပ်သစ်သို့ ရောက်ရှိပြီးနောက် သုံးရက်အတွင်း ထိုသို့လိပ်စာပြောင်းလဲကြောင်းကို ထိုနေရပ်သစ်တည်ရှိသည့်နယ်ရှိ စာရင်းထိန်းထံ စာဖြင့်ရေးသား တိုင်ကြားရမည်။ ထိုသို့တိုင်ကြားသည်နှင့်တစ်ပြိုင်နက် မိမိလက်တွင် ရှိသော သက်သေခံကတ်ပြားကို သို့တည်းမဟုတ် ယာယီသက်သေခံ လက်မှတ်ကို စာရင်းထိန်းထံပေးအပ်ရမည်"**ဟုလည်းကောင်း ဖော်ပြထားပါသည်။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၇(၁) တွင် **"မှတ်ပုံတင်ထားသူ တစ်ဦးတစ်ယောက်သည် မှတ်ပုံတင်သည့်အချိန်အခါ၌ ပေးထားသော မှတ်ပုံတင်ထားသည့် လိပ်စာမှတစ်ပါး၊ အခြားအကြောင်းအရာ တစ်ခုခုနှင့်ပတ်သက်၍ ပြောင်းလဲခြင်းရှိခဲ့သော် ထိုသို့ ပြောင်းလဲချက်ကို နည်းဥပဒေခွဲ (၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အကြောင်းကြားရမည်"**ဟုလည်းကောင်း၊ နည်းဥပဒေ ၂၇ (၂)တွင် **"လူတစ်ဦးတစ်ယောက်သည် ထိုသို့ပြောင်းလဲပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ပြောင်းလဲချက်ကို ဆိုင်ရာစာရင်းထိန်းထံ စာဖြင့်ရေးသားတိုင်ကြားရမည်။ ထိုသို့ တိုင်ကြားသည်နှင့်တစ်ပြိုင်နက် မိမိလက်တွင်ရှိသော သက်သေခံကတ်ပြားကို သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို ဆိုင်ရာစာရင်းထိန်းထံပေးအပ်ရမည်"**ဟုလည်းကောင်း ဖော်ပြထားပါသည်။ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/ ၆)ကို ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေအရ ထုတ်ပေးခြင်းဖြစ်ရာ နိုင်ငံအတွင်းနေထိုင်သူများသည် နေထိုင်သည့် နေရပ်လိပ်စာပြောင်းသွားပါက ဖော်ပြပါမှတ်ပုံတင်ရေးနည်းဥပဒေ ၂၇ (၁)နှင့် (၂)ပါအတိုင်း သတင်းပို့အကြောင်းကြားရမည် ဖြစ်ပါသည်။ သို့မှသာ ပြောင်းရွှေ့ရောက်ရှိသော မြို့နယ်၏ မဲစာရင်းတွင်ပါဝင်မည် ဖြစ်သည်။

## အခြေခံလူဦးရေစာရင်းများပြုစုခြင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းများ ပြုစုနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်း လုံးရှိ နယ်မြေဒေသအချို့မှအပ ၂၀၂၁ ခုနှစ် ဩဂုတ်လမှ စတင် ဆောင်ရွက်ခဲ့ရာ မြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းသည် ၂၀၂၂ ခုနှစ် မေလတွင် ပြီးစီးခဲ့ပါသည်။ မြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများပြီးဆုံးပြီးနောက် ရရှိလာသောလူဦးရေ စာရင်းများကို ကွန်ပျူတာဆော့ဝဲလ်အသုံးပြု၍ နိုင်ကတ်ထပ်နေသူများ၊ နိုင်ကတ်မရှိသူများ/ မပြည့်စုံသူများ၊ အသက် (၁၈) နှစ်အထက်၊ အသက် (၁၈) နှစ်အောက်ရှိသူများ၊ မွေးသက္ကရာဇ်မပြည့်စုံသူများ၊ မွေးရက် မွေးလ ထပ်နေသူများ စသည်တို့ကို ခွဲခြားစိစစ်ခဲ့ပါသည်။ အဆိုပါ စိစစ်ချက်များကိုအခြေခံ၍ မြို့နယ်များအလိုက် အင်အားအတိုးအလျှော့ ပြောင်းလဲမှုများအား အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန်အတွက် သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ စတင်ကာ လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မြေပြင်နှင့်တိုက်ဆိုင် စိစစ်၍ ရရှိလာသောလူဦးရေစာရင်းများကိုစိစစ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက်အစိုးရအဖွဲ့များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးမှူးရုံးများသို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ပေးပို့ခဲ့သောလူဦးရေ စာရင်းများ မှန်ကန်စေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး မှူးရုံးများက လစဉ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

## နိဂုံး

နိဂုံးချုပ်အနေဖြင့် –

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးမဆုံးရှုံးစေရန်အတွက် ဥပဒေ နှင့်အညီ မဲပေးပိုင်ခွင့်ရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လစဉ်လူဦးရေစာရင်းများကို တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

( ခ ) မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပြည်ထဲရေးဝန်ကြီး ဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ရုံးတို့၏ လူဦးရေစာရင်းများမှန်ကန်ရန်မှာ အဓိကအရေးကြီး၍ သက်ဆိုင်ရာဌာနများက တာဝန်ယူဆောင်ရွက်ရန် လိုအပ် ပါသည်။

( ဂ ) မဲဆန္ဒရှင်များသည် အခြေစိုက်နေထိုင်ရာမြို့နယ်တွင် အိမ်ထောင်စု လူဦးရေစာရင်း လ ဝ က ပုံစံ(၆၆/၆)(အထစ)ရှိမှသာ မဲစာရင်းတွင် ပါဝင်မည်ဖြစ်ပါသည်။

(ဃ) ပြောင်းရွှေ့ရောက်ရှိရာမြို့နယ်တွင် ဆန္ဒမဲပေးလိုပါက ပြောင်းရွှေ့ ရောက်ရှိသော မြို့နယ်သို့အိမ်ထောင်စုလူဦးရေစာရင်း လ ဝ က ပုံစံ(၆၆/၆)(အထစ) ပြောင်းရွှေ့မှ ၎င်းမြို့နယ်၏မဲစာရင်းတွင် ပါဝင်မည်ဖြစ်ပါသည်။

( င ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းကို ပုံစံ(၁)နှင့်ပုံစံ (၂)တို့ဖြင့် ပူးတွဲကြေညာပါက ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများသည် ဆန္ဒမဲပေးနိုင်ရန်အတွက် မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ၊ မရှိ သွားရောက်ကြည့်ရှုရမည်ဖြစ်သည်။

( စ ) မဲဆန္ဒရှင်များသည် မဲစာရင်းတွင် မိမိအမည်ပါဝင်ရေးနှင့် ဆန္ဒမဲ ပေးနိုင်ရန်အတွက် အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေး ကတ်၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရ လက်မှတ်နှင့် အမျိုးသား မှတ်ပုံတင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားမှ မဲပေးနိုင်မည် ဖြစ်သည်။

(ဆ) ဒီမိုကရေစီစနစ်ကျင့်သုံးသောမြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်း သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်ရှိပြီး လိုက်နာရမည့် တာဝန်များလည်းရှိသည်ဖြစ်ရာ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် နိုင်ငံသားတစ်ဦးချင်း အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်။ ။

---

ပုံစံ(၂)

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများ**

**ပြည်သူ့လွှတ်တော်မဲစာရင်းနှင့်စပ်လျဉ်းသောကြော်ငြာစာ**

[ နည်းဥပဒေ၈(က)]

၁။ ------------------မြို့နယ်၊ ----- တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ လွှတ်တော်မဲဆန္ဒနယ်အမှတ်( )အတွင်းရှိ --------------- ရပ်ကွက်/ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)ဖြင့်ကြေညာထားပါသည်။ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဆန္ဒမဲပေးနိုင်ရန်အတွက်မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိ လာရောက်ကြည့်ရှုရပါမည်။**

၂။ မိမိအမည်ပါဝင်ခြင်းမရှိသေးပါက မဲစာရင်း၌အမည်ထည့်သွင်းပေးရန် မိမိကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်လွှဲအပ်ထားသော ကိုယ်စားလှယ်ကဖြစ်စေ ပုံစံ(၃)တွင် လိုအပ်သည်များကို ဖြည့်သွင်းရေးသား၍ တောင်းဆိုရမည်။

၃။ မဲစာရင်း၌ပါရှိသောအမည်၊ ကျား/မ၊မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ်၊ မိဘအမည်၊ နေရပ်လိပ်စာတို့ကို ပြင်ဆင်လိုလျှင်လည်းကောင်း၊ မဲစာရင်း၌ပါရှိသောပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင်လည်းကောင်း ပြင်ဆင်လိုသူ သို့မဟုတ် ကန့်ကွက်လိုသူကိုယ်တိုင် ပုံစံ (၄) သို့မဟုတ် ပုံစံ(၄-ဂ)တွင် လိုအပ်သည်များကို ဖြည့်သွင်းရေးသား၍ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာဖြင့် ပြင်ဆင်/ ကန့်ကွက်ရမည်။

၄။ ပုံစံ (၃)၊ပုံစံ(၄)နှင့်ပုံစံ(၄-ဂ)များကို ---------------- ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးမှတစ်ဆင့် -------မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးသို့ - - ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍တင်သွင်းကြရမည်။

၅။ - - ရက်နေ့ရုံးချိန်ကုန်ဆုံးပြီးနောက်ပိုင်းမှ တင်သွင်းလာသော တောင်းဆိုလွှာ/ ပြင်ဆင်လွှာ/ ကန့်ကွက်လွှာကို နည်းဥပဒေ၄(က) ပါ ပြဋ္ဌာန်းချက်များမှတစ်ပါး လက်ခံစဉ်းစားလိမ့်မည်မဟုတ်။

ဥက္ကဋ္ဌ

-----------------------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ရက်စွဲ၊ -------------------------

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

**၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို တတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ကျင်းပသည်။**




တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ၅၄ ကီလို၊ ၆၇ ကီလို လူသစ်တန်း (အကြိုဗိုလ်လုပွဲ) များ၊ ၅၁ ကီလို (က) အဆင့်၊ ၆၀ ကီလို (က) အဆင့်၊ ၇၁ကီလို (က) အဆင့်၊ ၈၀ ကီလို (က) အဆင့် (အကြိုဗိုလ်လုပွဲ) များ၊ ၅၁ ကီလို အလွတ်တန်း (အကြိုဗိုလ်လုပွဲ) ပွဲစဉ်များကိုလည်းကောင်း၊ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ အမျိုးသား/အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ၁၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ လုံတံပစ်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ မီတာ ၁၀၀ ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ ၊ ၁၀ မျိုးစုံ အလျားခုန်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲ၊ ၁၀ မျိုးစုံ တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲလူရွေးပွဲနှင့် ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (A) ၌ အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက် ရှုံးထွက်ပွဲစဉ်များကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကိုဇေယျာသီရိ အားကစားရုံ (B) ၌ အမျိုးသား/ အမျိုးသမီး အုပ်စုပတ်လည် ပြိုင်ပွဲများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ နှစ်ယောက်တွဲ အသင်းလိုက်အုပ်စုပတ်လည်ပွဲစဉ်များနှင့် ကရာတေးဒိုပြိုင်ပွဲတွင် လူသစ်တန်း ၈၄ ကီလိုတန်းအထက် ကုမိတဲ့ပြိုင်ပွဲ၊ အကြီးတန်း ၅၅ ကီလိုအောက်၊ ၆၀ ကီလိုအောက်၊ ၆၇ ကီလိုအောက် ကုမိတဲ့ပြိုင်ပွဲများကို လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား (က) အဆင့် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)ဘောလုံးအသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က) ဘောလုံးအသင်းတို့သည် ယနေ့ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင် ကစားကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (က) ဘောလုံးအသင်းက မြောက်ပိုင်းတိုင်းစစ် ဌာနချုပ် ကိုယ်စားပြု (က) ဘောလုံးအသင်းကို ၄ ဂိုး-၁ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား (က) အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (က) ဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (က) ဘောလုံးအသင်းနှင့်လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ) အဆင့်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင်အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ) ဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (ခ) ဘောလုံးအသင်းတို့လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မတ္တူပီမြို့၌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဆုပေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကျရောက်သော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာအား အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးရိန်တေးက ဖတ်ကြားပြီး (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ထက်၊ လယ်၊ မူလတန်းအဆင့်တို့မှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

**မောင်ကသစ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၀ | ၂၉၂၀ |
| 95 Ron | ၂၁၈၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၃၅ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၂၂၀ | ၂၂၃၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၆၄၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၀ | ၂၆၄၀ | ၂၆၇၅ | ၂၆၇၅ | ၂၆၈၀ | ၂၉၀၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၇၅ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၇၅ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၈ | ၂၀၅၁ |
| 95 Ron | ၂၀၇၆ | ၂၁၅၂ |
| HSD (500 ppm) | ၂၄၇၉ | ၂၅၅၈ |
| HSD (50 ppm) | ၂၅၅၁ | ၂၆၃၂ |
| HSD (10 ppm) | ၂၅၅၁ | ၂၆၃၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# စွမ်းအင်ကိစ္စ ဆွေးနွေးရန်အတွက် ဆော်ဒီအိမ်ရှေ့မင်းသား ဂျပန်သို့လာရောက်ဖွယ်ရှိ

**တိုကျို နိုဝင်ဘာ ၁၇**

ဆော်ဒီအိမ်ရှေ့မင်းသားသည် လာမည့်ရက်ပိုင်းအတွင်း ဂျပန်နိုင်ငံသို့လာရောက်ရန်အတွက် စီစဉ်မှုများ လုပ်ဆောင်နေကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင်ဖော်ပြသည်။ အဆိုပါ ခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါနှင့် တွေ့ဆုံသွားဖွယ်ရှိသည်။

နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်သည် ဂျပန်နိုင်ငံသို့ လာရောက်ဖွယ်ရှိကြောင်း ဂျပန်နှင့် ဆော်ဒီအစိုးရ အရင်းအမြစ်များထံမှ သိရသည်။ သုံးနှစ်တာကာလအတွင်း ဆော်ဒီအိမ်ရှေ့မင်းသား၏ ပထမဆုံး ဂျပန်ခရီးစဉ် ဖြစ်လာမည်ဖြစ်သည်။ ဆော်ဒီအိမ်ရှေ့မင်းသားနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် စွမ်းအင်ထောက်ပံ့မှုကိစ္စများ တည်ငြိမ်ရန်နှင့် အခြားသော ကိစ္စရပ်များကို ဆွေးနွေးသွားဖွယ်ရှိကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။

ဆော်ဒီအာရေဗျသည် ဂျပန်နိုင်ငံ၏ အဓိက ရေနံတင်ပို့သည့်နိုင်ငံဖြစ်ပြီး ရေနံပို့ကုန် ၄၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ ဆော်ဒီအိမ်ရှေ့မင်းသားသည် နိုင်ငံအတွင်း စက်မှုလုပ်ငန်းများအတွက် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပူးပေါင်းဆောင်ရွက်မှုများကို ရှာဖွေနေဟန်ရှိသည်။

၂၀၁၈ ခုနှစ် သတင်းထောက် အသတ်ခံရမှုတွင် ဆော်ဒီအိမ်ရှေ့မင်းသားပါဝင်သည်ဟူသော စွပ်စွဲချက်ဖြင့် ဆော်ဒီအိမ်ရှေ့မင်းသားကို အနောက်နိုင်ငံများနှင့် အခြားသောတိုင်းပြည်များက အပြစ်တင်ထားကြသည်။ သို့သော်လည်း နိုင်ငံတကာစင်မြင့်တွင် ၎င်း၏ပါဝင်မှု ပြန်လည်ပြုလုပ်လာခဲ့သည်။ အနောက်အုပ်စုခေါင်းဆောင်များကလည်း ရေနံဈေးနှုန်း တည်ငြိမ်စေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဆော်ဒီအိမ်ရှေ့မင်းသားနှင့် ဆွေးနွေးမှုများ ပြန်လည်လုပ်ဆောင်လာခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်။

# တရုတ်သမ္မတ ရှီကျင့်ဖျင် အေပက်အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ရောက်ရှိ

**ဘန်ကောက် နိုဝင်ဘာ ၁၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် (၂၉) ကြိမ်မြောက် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (APEC) စီးပွားရေးခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာ ၁၇ ရက်တွင် ထိုင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေကြောင်း ဆင်ဟွာက ဖော်ပြသည်။




တရုတ်သမ္မတရှီနှင့် ၎င်း၏ ဇနီး ပန်လီယွမ်။

တရုတ်သမ္မတရှီနှင့် ၎င်း၏ ဇနီး ပန်လီယွမ် တို့ လိုက်ပါလာသည့် လေယာဉ်သည် ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်သို့ ရောက်ရှိချိန်တွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် ဒုတိယဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမွတ်ဝီနန်နှင့် ယဉ်ကျေးမှုဝန်ကြီး အီသီဖွန်း ခန်းပူအန် နှင့် ၎င်းတို့၏ဇနီးများက ရင်းရင်းနှီးနှီးကြိုဆိုကြသည်။

တရုတ်သမ္မတရှီသည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး တက်ရောက်ပြီးနောက် ဘန်ကောက်မြို့သို့ ရောက်ရှိလာသည်။ **ဆင်ဟွာ**

# မာရာဒိုနာ၏ ဘုရားပေးသောလက်ဟု အမည်ရသည့်ဘောလုံး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းဖြင့် လေလံအောင်

**လန်ဒန် နိုဝင်ဘာ ၁၇**

အာဂျင်တီးနားဂန္ထဝင်ဘောလုံးသမားကြီး ဒီယဲဂို မာရာဒိုနာ သည် ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဘုရားပေးသောလက်ဟု တင်စားထားသည့် ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ အဆိုပါ ပွဲတွင်အသုံးပြုခဲ့သည့်ဘောလုံးကို လေလံတင်ရောင်းချခဲ့သည်။

အဆိုပါဘောလုံးကို အမေရိကန် ဒေါ်လာ ၂ ဒသမ ၄ သန်းဖြင့် လေလံအောင်သွားခဲ့သည်ဟု သိရသည်။ လွန်ခဲ့သော ၃၆ နှစ်က မက္ကဆီကိုနိုင်ငံတွင် အာဂျင်တီးနားနှင့် အင်္ဂလန်အသင်းတို့ ကွာတားဖိုင်နယ်ယှဉ်ပြိုင်ကစားရာတွင် ယင်းဘောလုံးကို အသုံးပြုခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၆ ရက်က လန်ဒန်မြို့၌ လေလံတင်ရောင်းချခဲ့သည်။ ဘောလုံးပွဲအပြီးတွင် ယင်းဘောလုံးကို တူနီးရှားလူမျိုးဒိုင်လူကြီး အလီဘင်နက်ဆာ က ၎င်းပိုင်ဆိုင်ကြောင်း ပြောကြားခဲ့သည်။

ဘုရားပေးသောလက်ဆိုသည်မှာ အဆိုပါပွဲစဉ်တွင် ဦးဆောင်ဂိုးကိုဆိုလိုခြင်းဖြစ်ပြီး ပွဲပြီးပြီးနောက် ဘောလုံးပြိုင်ပွဲကို ပြန်ကြည့်သည့်အခါ ဘောလုံးဂိုးမဝင်မီ မာရာဒိုနာ၏ ဘယ်လက်ဖြင့် ထိသွားကြောင်းတွေ့ရှိခဲ့သည်။ အာဂျင်တီးနားနိုင်ငံသည် ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလား အနိုင်ရရှိရေးအတွက် ဆက်သွားနိုင်ခဲ့သည်။ မာရာဒိုနာသည် ၂၀၂၀ ပြည့်နှစ် အသက် ၆၀ အရွယ်တွင် ကွယ်လွန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



မာရာဒိုနာ၏ ဘုရားပေးသောလက်ဟု အမည်ရသည့်ဘောလုံး။

# စင်ကာပူနိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်ရန် သီရိလင်္ကာသမ္မတ တာဝန်ရှိသူများအား တိုက်တွန်း

**ကိုလံဘို နိုဝင်ဘာ ၁၇**

ကုန်သွယ်မှုမြှင့်တင်ရန် သီရိလင်္ကာ-စင်ကာပူ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် (အက်ဖ်တီအေ) ကို ချက်ချင်းအကောင်အထည်ဖော်ရန် သီရိလင်္ကာသမ္မတ ရာနေး ဝစ်ခ်မီဆင်ဂေးက တာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း ဒေသတွင်း မီဒီယာများက နိုဝင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ထားသည်။



စင်ကာပူ မဟာမင်းကြီး ချန်ဒရာဒစ်သည် သီရိလင်္ကာနိုင်ငံသို့တရားဝင်လာရောက်လည်ပတ်စဉ် ယခုကဲ့သို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ စင်ကာပူမဟာမင်းကြီး ဒစ်သည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး အလီဆာဘရီနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုများ ပြုလုပ်ကြကြောင်း သိရသည်။ သီရိလင်္ကာ-စင်ကာပူ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကို ၂၀၁၈ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သော်လည်း ယခုအထိ အကောင်အထည် မဖော်ရသေးကြောင်း သိရသည်။ အက်ဖ်တီအေတွင် ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဉာဏမူပိုင်ခွင့်၊ ပို့ဆောင် ဆက်သွယ်ရေး၊ e-commerce ၊ ကုန်သွယ်မှုအစိုးရဝယ်ယူရေး၊ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု တို့ အကျုံးဝင်ကြောင်း ဒေသတွင်း မီဒီယာများတွင် ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# သုံးနှစ်အတွင်း ပထမဆုံးအကြိမ် ဂျပန်နှင့် တရုတ် မျက်နှာချင်းဆိုင်တွေ့မည်

**ဘန်ကောက် နိုဝင်ဘာ ၁၇**

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် အေပက် အစည်းအဝေး၏သီးသန့်ဆွေးနွေးပွဲတွင် မျက်နှာချင်းဆိုင် တွေ့ဆုံမည်ဖြစ်ပြီး ယင်းတွေ့ဆုံမှုသည် သုံးနှစ်အတွင်း နှစ်နိုင်ငံ ခေါင်းဆောင်များ ပထမဆုံးအကြိမ် တွေ့ဆုံမှုဖြစ်လာမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ ဂျီ-၂၀ စီးပွားရေးဆိုင်ရာ အစည်းအဝေးတက်ရောက်ပြီးနောက် ကီရှီဒါသည် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်သို့တက်ရောက်ရန် ထိုင်းနိုင်ငံ ဘန်ကောက်သို့ နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက ရောက်ရှိလာခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်သည် ယင်းနေ့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။ ဂျပန်-တရုတ်ဆက်ဆံရေးတွင် ကိစ္စရပ်များနှင့် စိန်ခေါ်မှုများရှိသကဲ့သို့ ဖြစ်နိုင်ခြေလည်း အမျိုးမျိုးရှိကြောင်း ကီရှီဒါက နိုဝင်ဘာ ၁၆ ရက်က သတင်းထောက်များကို ပြောကြားလိုက်သည်။

တရုတ်သမ္မတနှင့် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းက တရုတ်နိုင်ငံနှင့် တွေ့ဆုံဆွေးနွေးမှုကို မြှင့်တင်ရန်အစပျိုးသည့် အချက်ဖြစ်သည်ကို သက်သေပြခြင်းဖြစ်ကြောင်း ကီရှီဒါက ဖော်ပြလိုက်သည်။

၂၀၂၂ ခုနှစ်သည် တရုတ်နှင့် ဂျပန်နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး ပုံမှန်ပြန်ဖြစ်သည့် နှစ် ၅၀ ပြည့် နှစ်ပတ်လည်နေ့ဖြစ်သည်နှင့်အညီ ကီရှီဒါသည် တရုတ်နိုင်ငံနှင့် အပြုသဘောဆောင်ပြီး တည်ငြိမ်ကောင်းမွန်သည့် ဆက်ဆံရေးကိုတည်ဆောက်ရန် ရည်ရွယ်ချက်ထား လုပ်ဆောင်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# မြို့နယ်အသီးသီး၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပ

## တီးတိန်

ချင်းပြည်နယ် တီးတိန်မြို့၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် တီးတိန်မြို့ အထက-၁ စံကိုက်ညီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း က ဖတ်ကြားပြီး အထက-၁ ကျောင်းသူ ကျောင်းသားများက “ဇာတိမာန်” သီချင်းကို သီဆိုကြသည်။

ထို့နောက် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်စာပေပြိုင်ပွဲများဖြစ်သော အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်စာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောနှင့် အားကစားပြိုင်ပွဲဖြစ်သော စားပွဲတင်တင်းနစ် (ကျား၊ မ)၊ တင်းနစ် (ကျား၊ မ)၊ ပိုက်ကျော်ခြင်း၊ ဖူဆယ် (ကျား၊ မ) ပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်း၊ နယ်မြေခံတပ်မှ ယာယီတပ်ရင်းမှူး ဗိုလ်မှူး တင်အောင်ဟိန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြကြောင်း သိရသည်။

**မိုးမိုး(တီးတိန်)**



## ရွှေတောင်

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေတောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း (ရတနာခန်းမ) ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတောင်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင် က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ NGO အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်အားကစားကွင်းအတွင်း၌ အခြေခံပညာ ကျောင်းသားကျောင်းသူများ၏ ပြေးခုန်ပစ်ပြိုင်ပွဲများ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲနှင့် အခြေခံပညာကျောင်းသားများ (အလွတ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**





## တပ်ကုန်း

၂၀၂၂ ခုနှစ် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို နေပြည်တော် တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကံ့ကော်စာသင်ဆောင်၌ ယနေ့နံနက်ပိုင်းကကျင်းပရာ တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ် (၆) ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက ဖတ်ကြားပြီး (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်းနှင့် အထက်တန်းအဆင့် ဆုရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနိုင်လင်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် မီတာ ၁၀၀၊ အာလူးကောက်၊ အပ်ထိုး၊ သုံးချောင်းထောက်၊ အိတ်စွပ်နှင့် အရောင်ရွေးပြိုင်ပွဲများပြုလုပ်ပြီး ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**တင့်ဇော်ထွန်း(တပ်ကုန်း)**




## မိုင်းပန်

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ၂၀၂၂ ခုနှစ်တွင် ကျရောက်သည့် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆုချီးမြှင့်ခြင်း အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ပန်ခန်းမ၌ ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့လာသော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်က ဖတ်ကြားပြီး အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာမှ ဝန်ထမ်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် “သတင်းစကား” လက်ကမ်းစာစောင်များ ဖြန့်ဝေကြောင်း သိရသည်။

**မိုင်းပန်(ပြန်/ဆက်)**

## ကမာရွတ်

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ် (၁၀) ရပ်ကွက် ဦးဝိစာရလမ်းရှိ အ.ထ.က(၁)ကမာရွတ်ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နိုင်ငံတော်အလံအား အလေးပြုပြီး ကမာရွတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဝေက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားသည်။

(၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော စာအုပ်၊ စာစောင်များ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများ၏ မှတ်တမ်းများ၊ လက်ရာများကို ကြည့်ရှုကြသည်။

အခမ်းအနားသို့ အင်းစိန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**စန္ဒာမိုး**



## လက်ပံတန်း

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းလှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ မြို့နယ်အဆင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသော ကျောင်းသားကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း ၂၃၅ ဦး တက်ရောက်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် “သတင်းစကား” လက်ကမ်းစာစောင်များ ဖြန့်ဝေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၂၆ ရက်ဆက်တိုက် ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်း

(၁၇–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၇၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၆၅,၅၃၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၉၁၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၂၄၁) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၆) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၆၂၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူ ၈၉၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ကျောင်းသားကျောင်းသူ ၈၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



**အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**



# တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်ရေးဆိုင်ရာ မွမ်းမံသင်တန်းဖွင့်




တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ ယူနန်နိုင်ငံတကာစီးပွားရေးနည်းပညာ နီးနှောဖလှယ်ရေးဗဟိုဌာနက တာဝန်ခံကျင်းပသော တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်ရေးဆိုင်ရာ မွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၀ ရက်က အွန်လိုင်းမှတစ်ဆင့် ဖွင့်လှစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu က တရုတ်-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်ခြင်းသည် တရုတ်- မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ရေး၏ အရေးကြီးသော လက်တွေ့ဆောင်ရွက်မှုဖြစ်ပြီး နှစ်ဦးနှစ်ဖက်သည် အတူတိုင်ပင်ဆွေးနွေးခြင်း၊ အတူတည်ဆောက်ခြင်း၊ အတူမျှဝေခြင်း အခြေခံမူကို လက်ကိုင်စွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများသည် အပြန်အလှန်ဖြည့်ဆည်းနိုင်မှု အားကောင်းကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နှင့် ရင်းနှီးမြှုပ်နှံမှုအများဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် အမြဲရပ်တည်နေပြီး မြန်မာနိုင်ငံ၏ အကြီးဆုံး ပို့ကုန်ဈေးကွက်လည်း ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံ အပြန်အလှန်ချိတ်ဆက်မှုသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ အရေးကြီးသော အကြောင်းအရာဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ငွေကြေး၊ နည်းပညာ၊ လူတော်လူချွန်၊ စီမံခန့်ခွဲရေး စသည်တို့ဆိုင်ရာ အားသာချက်များကို ဖော်ထုတ်၍ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးကို ပံ့ပိုးကူညီပေးကြောင်း၊ မြန်မာနိုင်ငံ၏ အလုပ်အကိုင် အဆင့်အတန်းကို မြှင့်တင်ပေးပြီး မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ပြည်သူလူထုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကောင်းသော ခွန်အားများ ပံ့ပိုးပေးကြောင်း ပြောကြားသည်။

ယူနန် ဘဏ္ဍာရေးနှင့် စီးပွားရေးတက္ကသိုလ်မှ ဒုတိယကျောင်းအုပ် Mr. Yan Ming က ယူနန်ပြည်နယ်သည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးတွင် တက်ကြွစွာ ဝန်ဆောင်မှုပေး ပါဝင်လာခဲ့ပြီး မြန်မာနိုင်ငံ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကူးလူးဖလှယ်မှုများ အဆက်မပြတ် တိုးမြှင့်ဆောင်ရွက်ခဲ့ကာ အောင်မြင်မှုရလဒ်များစွာ ရရှိခဲ့ကြောင်း၊ ယခု မွမ်းမံသင်တန်းကို ပလက်ဖောင်းအဖြစ် အသုံးချ၍ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ ဦးတည်ချက်များစွာဖြင့် ဘက်စုံ၊ အရည်အသွေးမြင့်မားစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ ရှာဖွေကြရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

အဆိုပါ မွမ်းမံသင်တန်းမှာ ၂၁ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး နိုင်ငံတကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်မှု လက်ရှိအခြေအနေနှင့် အလားအလာများစသည့် သင်ခန်းစာများ ပါဝင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သိရသည်။

**သီရိ**

## ဂျာမနီနိုင်ငံသို့ မြန်မာပို့ကုန် ယူရို ၄ ဒသမ ၈၂၄ သန်းဖိုး ကုန်သွယ်နိုင်ခဲ့




ဂျာမနီနိုင်ငံ၏ မြန်မာနိုင်ငံနှင့် စက်တင်ဘာလ ကုန်သွယ်မှုတွင် ပို့ကုန်ယူရို ၄ ဒသမ ၈၂၄ သန်းနှင့် သွင်းကုန် ယူရို ၂၁၄ ဒသမ ၄၅၁ သန်း ရှိခဲ့ကြောင်း Federal Statistical Office (Destatis)၏ စာရင်းထုတ်ပြန်ချက်အရ သိရသည်။

ဂျာမနီနိုင်ငံ၏ စက်တင်ဘာလ ကုန်သွယ်မှုအချက်အလက်များကို Federal Statistical Office(Destatis)က ပြန်လည်ညှိနှိုင်းပြင်ဆင်ထုတ်ပြန်ချက်အရ သိရခြင်းဖြစ်ပြီး ဂျာမနီသည် ပို့ကုန်တန်ဖိုး ယူရို ၁၄၂ ဒသမ ၁ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးမှာ ယူရို ၁၃၄ ဘီလီယံရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေ ယူရို ၈ ဒသမ ၁ ဘီလီယံရှိခဲ့ကြောင်း သိရသည်။ အမေရိကန်၊ ပြင်သစ်၊ နယ်သာလန်နိုင်ငံတို့သို့ အများဆုံးတင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှ အများဆုံး တင်သွင်းမှုရှိခဲ့သည်။

မြန်မာနိုင်ငံမှ သွင်းကုန်ပိုင်းတွင် ဩဂုတ်လက ယူရို ၁၅၁ ဒသမ ၂၂၉ သန်း ရှိခဲ့ရာမှ စက်တင်ဘာလတွင် ဩဂုတ်လထက် ယူရို ၆၃ ဒသမ ၂၂ သန်း(၄၁ ဒသမ ၈ ရာခိုင်နှုန်း) ပိုမိုတင်သွင်းခဲ့ခြင်းဖြစ်သည်။ CMP အထည်ချုပ်ထုတ်ကုန်များ၊ ဖိနပ်၊ ရော်ဘာ၊ အီလက်ထရွန်နစ်စက်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့ကြောင်း၊ ပို့ကုန်ပိုင်းတွင် မြန်မာနိုင်ငံသို့ ဆေးပစ္စည်းများ၊ စက်ပစ္စည်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ စက္ကူ၊ ပလတ်စတစ်၊ မျက်မှန်နှင့် ဓာတ်ပုံပစ္စည်းများ တင်ပို့ခဲ့ကြောင်း သိရသည်။

Federal Statistical Office ၏ ဥက္ကဋ္ဌဖြစ်သူ Dr. Georg Thiel က စွမ်းအင်ဈေးနှုန်းများမြင့်တက်မှုက အဓိကဖြစ်ပြီး လေ့လာမှုများအရ အခြားကုန်စည်နှင့် ဝန်ဆောင်မှုစရိတ်များ၊ အထူးသဖြင့် စားသောက်ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားသည်။

ဂျာမနီနိုင်ငံ၌ ၂၀၂၂ ခုနှစ် စက်တင်ဘာလက ညအိပ်တည်းခိုမှုများ စာရင်းအရ ခရီးသွားလာသူ အရေအတွက် ၄၇ ဒသမ ၂သန်းရှိပြီး ဩဂုတ်လထက် လျော့နည်းခဲ့သော်လည်း ၂၀၂၁ ခုနှစ် ကာလတူထက် ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ငွေကြေးဝန်ဆောင်မှုနှင့် အာမခံလုပ်ငန်းများအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများမှဝင်ငွေသည် ဇူလိုင်လထက် ၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ် ကာလတူထက် ၁၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း ဘာလင်မြို့ရှိ မြန်မာစီးပွားရေးသံမှူးက ရေးသားဖော်ပြထားသည်။

**ကိုရိုး**

## အီတလီနိုင်ငံမှ စိုက်ပျိုးရေးနှင့် ဥယျာဉ်လုပ်ငန်းဆိုင်ရာစက်ပစ္စည်းများပြပွဲ၌ မြန်မာတက်ရောက်ပြသ

အီတလီနိုင်ငံ ဘိုလော့ဂ်နာမြို့၌ ၁၉၆၉ ခုနှစ်မှစ၍ နှစ်နှစ် တစ်ကြိမ်ကျင်းပသည့် နိုင်ငံတကာ စိုက်ပျိုးရေးနှင့် ဥယျာဉ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများပြပွဲ (International Exposition of Machinery for Agriculture and Gardening–EIMA International)ကို အီတလီ စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းထုတ်လုပ်သူများဖက်ဒရေးရှင်း (Italian Agricultural Machinery Manufacturers Federation) က ဘိုလော့ဂ်နာ ပြပွဲများဌာန(Bologna Fiere)နှင့်ပူးပေါင်း၍ နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ပါဝင်ပြသခဲ့သည်။

ပြပွဲတွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ မြေယာ ပြုပြင်ခြင်းနှင့် ထွန်ယက်စိုက်ပျိုးမှုပိုင်း အဆင့်မြင့်နည်းပညာနှင့် စက်ကိရိယာပစ္စည်း မော်ဒယ်မျိုးစုံကို နိုင်ငံများစွာက လာရောက်ခင်းကျင်း ပြသခဲ့ကာ ပြပွဲပြသသည့် ကုမ္ပဏီပေါင်း ၂၀၀၀ ခန့်ရှိပြီး နိုင်ငံပေါင်း ၁၅၀ မှ လာရောက်လေ့လာကြည့်ရှုသူပေါင်း သုံးသိန်းခန့်ရှိကြောင်း သိရသည်။ ပြပွဲတွင် မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်တင်ပို့နေသော ကောင်းရန့်ကုမ္ပဏီသည် Italian Trade Agency(ITA)၏ ဖိတ်ကြားမှုအရ ပြပွဲကာလအတွင်း လာရောက်လေ့လာ၍ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြောင်း စီးပွားရေးသံမှူးထံမှ သိရသည်။

အဆိုပါပြပွဲအတွင်း လယ်ယာမြေဖော်ထုတ်ခြင်းနှင့် သစ်တောဆိုင်ရာ စက်ကိရိယာများ၊ အင်ဂျင်များ၊ ထွန်စက်များ၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ အပင်နှင့် သီးနှံကာကွယ်ရေး၊ ရေသွင်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် မွေးမြူရေးလုပ်ငန်းစီမံဆောင်ရွက်မှုဆိုင်ရာ စက်ကိရိယာများ စသည်တို့ ပါဝင်သည့် အဓိကလုပ်ငန်းကဏ္ဍ ၁၄ ခုအတွက် ပြသမှုများနှင့် ကုန်သွယ်မှု ကွန်ဖရင့်များ၊ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများစွာ ပါဝင်ကျင်းပခဲ့သည်။

EIMA International ကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ မဖြစ်ပွားမီ ၂၀၁၈ ခုနှစ်က ကျင်းပခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ပြန်လည်ကျင်းပခဲ့ရာ ပြပွဲပြသသည့် ကုမ္ပဏီပေါင်း ၁၃၆၄ ခု ရှိခဲ့သည်။

**ဝဝ၈**

## တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ရန်ကုန် နိုဝင်ဘာ ၁၇

**ယခုသီတင်းပတ်အတွင်း ကောက်ညှင်းဆန်တစ်အိတ်လျှင် ကျပ်တစ်သိန်းနှုန်းသို့ စံချိန်တင်မြင့်တက်လာသည်။ အာလူးဈေး မြင့်တက်လာပြီး အခြေခံစားကုန် ကြက်သွန်ဖြူနှင့် စားအုန်းဆီတို့မှာ ဈေးနှုန်းကျဆင်းလာသည်။ မြစ်သားနှင့် မြင်းခြံ မိုးကြက်သွန်နီအသစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်လာသည်။**

**ဆန်**

ကောက်ညှင်းဆန် ဖျာပုံအသစ်ရှယ် တစ်အိတ် ငွေကျပ်တစ်သိန်းရှိပြီး ဆန်ကွဲမှာ တစ်အိတ် ကျပ် ၃၉၀၀၀၊ ဆန်ကြမ်းအသစ် တစ်အိတ် ကျပ် ၄၂၅၀၀၊ သီးထပ်ဟောင်း ကျပ် ၄၆၀၀၀၊ ရက် ၉၀ ဆန်ဟောင်း ရှယ် ကျပ် ၄၉၀၀၀ နှုန်းရှိသည်။ ပေါ်ကွဲတစ်အိတ် ကျပ် ၅၂၀၀၀၊ ပေါ်ဆန်းရင်အသစ် တစ်အိတ် ကျပ် ၅၉၀၀၀၊ ဖျာပုံပေါ်ဆန်းအဟောင်း ကျပ် ၆၂၀၀၀၊ ပုသိမ်-မြောင်းမြ တစ်အိတ် ကျပ် ၆၅၀၀၀၊ ရွှေဘိုပေါ်ဆန်းဟောင်း တစ်အိတ် ကျပ် ၉၂၀၀၀ နှုန်း ရှိသည်။

**စားအုန်းဆီ**

ယခုအပတ် ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးမှာ စားအုန်းဆီ တစ်ပိဿာ ကျပ် ၄၃၅၀ ရှိပြီး ယခင်အပတ်ထက် တစ်ပိဿာလျှင် ကျပ် ၂၀ ဈေးမြင့်တက်လာသည်။ ပြင်ပအလှယ် လက်ငင်းလက်ကား ပီပါဈေးမှာ ယခင်ရက်က တစ်ပိဿာ ကျပ် ၆၃၀၀ ရှိရာမှ နိုဝင်ဘာ ၁၆ ရက်တွင် ကျပ် ၆၁၀၀ နှုန်းသာရှိသည်။

**ပဲအမျိုးမျိုး**

ဈေးနှုန်းကျနေသည့် မတ်ပဲသည် နိုဝင်ဘာ ၁၆ ရက်တွင် (FAQ/RC) တစ်တန် ကျပ် ၁၇၆၅၀၀၀၊ (SQ)တစ်တန် ကျပ် ၂၀၉၀၀၀၀ ရှိပြီး ပဲစင်းငုံနီ(Red/RC)တစ်တန် ကျပ် ၁၈၄၀၀၀၀ ရှိသည်။ ကုလားပဲခြမ်း တစ်ပိဿာလျှင် ကျပ် ၄၁၅၀-၄၃၀၀ နှုန်းရှိပြီး ပဲတီစိမ်းခရမ်းရွှေဝါ (ထိပ်စ)တစ်ပိဿာလျှင် ကျပ် ၃၀၀၀-၃၀၈၅ နှုန်းသာရှိသည်။

**ကြက်သွန်နီ**

နိုဝင်ဘာ ၁၄ ရက်က ရန်ကုန်ဈေးကွက်သို့ နယ်စုံမှ ကြက်သွန်နီပိဿာချိန် ၂၁၀၀၀၀ ဝင်ရောက်လာသည်။ ဖွင့်ဈေးမကျသော်လည်း အမျိုးအစားကောင်းမှသာ ဖွင့်ဈေးနှုန်းအတိုင်း ရောင်း၍ရသည်။ ညံ့လျှင် ဖွင့်ဈေးထက် တစ်ပိဿာ ကျပ် ၁၀၀/၂၀၀ခန့် လျော့ပြီး အရောင်းအဝယ်ဖြစ်သည်။ နွေကြက်သွန်နီအဟောင်းများ ရန်ကုန်ဈေးကွက်သို့ အဝင်များလာခဲ့ပြီး တရုတ်ကြက်သွန်နီမှာ ပြည်တွင်းကြက်သွန်နှင့် အရောင်နှင့် အရွယ်အစား တူညီမှုရှိသဖြင့် တစ်ပိဿာ ကျပ် ၃၂၀၀ နှုန်းရှိသည်။ နိုဝင်ဘာ ၁၅ ရက်က မိုးမြစ်သားနှင့် မြင်းခြံ ကံဆင့်ကြက်သွန်နီများလည်း ဝင်ရောက်လာခဲ့ပြီး တစ်ပိဿာလျှင် ၃၆၀၀/၄၁၀၀ ကျပ်နှုန်းရှိကာ ကြက်သွန်နီအသစ် တစ်ပိဿာလျှင် ကျပ် ၂၀၀၀/၃၅၀၀ နှုန်း ရှိသည်။

**ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်**

ကြူကုတ် ကြက်သွန်ဖြူဈေး ထပ်ကျလာရာ နိုဝင်ဘာ ၁၆ ရက်တွင် လက်ကား တစ်ပိဿာ ကျပ် ၃၃၅၀ နှုန်းသာရှိသည်။ ရှမ်းအောင်ပန်း ကြက်သွန်ဖြူမှာ လက်ကား တစ်ပိဿာ ကျပ် ၂၈၀၀/၃၉၀၀ နှုန်းရှိသည်။

ရှမ်းအာလူးနှင့် တရုတ်အာလူးများ ဈေးတက်လာရာ နိုဝင်ဘာ ၁၆ ရက်တွင် တရုတ်အာလူး လက်ကားတစ်ပိဿာ ကျပ် ၂၅၅၀၊ ရှမ်းအောင်ပန်းအာလူး ကျပ် ၁၉၀၀/ ၂၁၅၀ နှုန်းရှိလာသည်။

မြစ်ဝနှင့် ဆင်ဖြူကျွန်းငရုတ်ပွ အအေးခန်းထုတ်များသာ ဈေးနှုန်းအနည်းငယ်ထပ်မံမြင့်တက်လာပြီး ငရုတ်မျိုးအသစ်များ ဈေးကွက်သို့ ဝင်ရောက်လာသည်။ နိုဝင်ဘာ ၁၆ ရက်တွင် အအေးခန်းထုတ် မြစ်ဝနှင့် ဆင်ဖြူကျွန်းငရုတ်ပွများ လက်ကား တစ်ပိဿာ ကျပ် ၃၁၀၀၀ နှုန်းသို့ ထပ်မံဈေးနှုန်းမြင့်လာသည်။ နယ်စုံမိုးထောင်ငရုတ် လက်ကားတစ်ပိဿာ ကျပ် ၁၅၅၀၀ ရှိကာ အိန္ဒိယမျိုး မိုးထောင်အသစ်များက ကျပ် ၁၆၅၀၀ နှုန်း၊ ရှမ်းငရုတ်ရှည်က ကျပ် ၁၆၅၀၀ နှန်း၊ ရှမ်းမိုးထောင်ငရုတ်က ကျပ် ၁၈၀၀၀ နှုန်းနှင့် ရှမ်းဘူးဆို့ ငရုတ်ပွက ကျပ် ၁၉၀၀၀ နှုန်းရှိသည်။

**အောင်ခင်နိုင်**

## ဖိလစ်ပိုင်သမ္မတနှင့် ကမ္ဘောဒီးယားစီးပွားရေးသမားများ ကမ္ဘောဒီးယား၌ တွေ့ဆုံဆွေးနွေး

အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် ပြီးခဲ့သည့်သီတင်းပတ်က ဖနွမ်းပင်မြို့သို့ ရောက်ရှိခဲ့သည့် ဖိလစ်ပိုင်သမ္မတ ဂျူနီယာမားကို့စ်သည် ကမ္ဘောဒီးယား၌ ဩဇာကြီးမားသည့် စီးပွားရေးခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ထိပ်တန်း CEO များပါဝင်သော ယင်းတွေ့ဆုံမှုတွင် နှစ်နိုင်ငံအကြားစိုက်ပျိုးရေး၊ အစားအစာပြုပြင်ထုတ်လုပ်ရေး၊ BPO ၊ ဒစ်ဂျစ်တယ်စနစ်နှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ ဖိလစ်ပိုင်အစိုးရဘက်မှ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး၊ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်နှင့် သမ္မတ၏သား ဖာဒီနန် အလက်ဇန္ဒားမားကို့စ် တို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

ဖိလစ်ပိုင်သမ္မတက မိမိတို့အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသာမက ဈေးကွက်၌ အလားအလာရှိနိုင်သည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကိုလည်း အားပေးကြောင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် အလေးအနက်ထား ထည့်သွင်းပြောကြားခဲ့သည်။



## ရုရှားစက်သုံးဆီများ ဆက်လက်ဝယ်ယူသွားရန် အိန္ဒိယ ဆုံးဖြတ်ထားပြီးဖြစ်

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ စက်သုံးဆီများကို ဆက်လက်ဝယ်ယူသွားရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် နိုဝင်ဘာ ၈ ရက်က တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

အိန္ဒိယနှင့် ရုရှားဆက်ဆံရေးသည် နှစ်နိုင်ငံစလုံးအတွက် အကျိုးအမြတ်ဖြစ်ထွန်းကြောင်း မြင်တွေ့ရသဖြင့် ဆီတင်သွင်းဝယ်ယူမှုကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျေရှန်ကာက ဆိုသည်။

မကြာမီတွင် အိန္ဒိယနှင့် စီးပွားရေးရာကိစ္စရပ်များ ဆွေးနွေးရန်အတွက် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးက အိန္ဒိယသို့လာရောက်ရန်ရှိနေချိန်တွင် ပြောကြားခြင်းဖြစ်သည်။ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ရန်အတွက် အိန္ဒိယနှင့် တရုတ်တို့သည် ဈေးနှုန်းသက်သာမှုရှိသည့် ရုရှား စက်သုံးဆီများကို ပိုမိုဝယ်ယူလာလျက်ရှိသည်။ အိန္ဒိယအနေဖြင့် စွမ်းအင်လုံလောက်စေရေးအတွက် ရေနံစိမ်း ၈၅ ရာခိုင်နှုန်းနီးပါးကို ပြည်ပမှ တင်သွင်းနေရပြီး လက်ရှိတွင် ရုရှားမှ အများဆုံးတင်သွင်းလျက်ရှိသည်။

## အာဆီယံ - သြစတြေးလျ - နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသတိုးချဲ့လုပ်ဆောင်

၂၀၂၂ ခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ကမ္ဘောဒီးယားနိုင်ငံ အာဆီယံ - သြစတြေးလျ - နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ(AANZFTA) ၏ နိုင်ငံဆိုင်ရာညှိနှိုင်းရေးမှူး တာဝန်ယူထားသည့် ဘရူနိုင်းနိုင်ငံ၊ သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံများမှ ခေါင်းဆောင်များသည် AANZFTA စာချုပ် အဆင့်မြှင့်တင်ခြင်းအတွက် ဆွေးနွေးမှုအပြီးသတ်ပြီဖြစ်ကြောင်း အကြိမ် (၄၀)နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် ကြေညာခဲ့သည်။

အဆိုပါ ဆွေးနွေးမှုသည် အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူထားသည့် ကမ္ဘောဒီးယားနိုင်ငံက ၎င်းတာဝန်ယူစဉ်အတွင်း ပြီးမြောက်အောင်ဆောင်ရွက်သွားမည့် စီးပွားရေးရာ ဦးတည်ချက်တစ်ခုလည်းဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ဒေသတွင်း ပထဝီနိုင်ငံရေးအရ တင်းမာမှုများရှိခဲ့သော်လည်း အာဆီယံ၊ သြစတြေးလျနှင့် နယူးဇီလန်တို့အကြား ကုန်သွယ်မှုမှာ တိုးတက်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်အတွင်း အာဆီယံနိုင်ငံများနှင့် သြစတြေးလျနိုင်ငံတို့အကြား စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၆ ဘီလီယံ ရှိခဲ့ပြီး နှစ်အလိုက် တိုးတက်မှုမှာ ၄၉ ရာခိုင်နှုန်းအထိရှိခဲ့သဖြင့် ကိုဗစ်-၁၉ မတိုင်မီကာလထက် ပိုများခဲ့သည်။

အာဆီယံနိုင်ငံများနှင့် နယူးဇီလန်နိုင်ငံတို့အကြား ကုန်သွယ်မှုမှာ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရှိခဲ့ပြီး နှစ်အလိုက်တိုးတက်မှု ၂၂ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ကာ သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံများမှ အာဆီယံနိုင်ငံများသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)စီးဝင်မှုမှာ အမေရိကန်ဒေါ်လာ ၅၈၉ မီလီယံ ရှိခဲ့သည်။

**ကပ်ရောဂါပြီးနောက်ပိုင်း စီးပွားရေး ပြန်လည်ထူထောင်နိုင်ရေး ရည်ရွယ်**

အာဆီယံ - သြစတြေးလျ - နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ထိုင်းနိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့ကြပြီး ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများ၊ စာချုပ်၏ ရည်ရွယ်ချက်များနှင့်ကိုက်ညီစေရန် စာချုပ်အဆင့်မြှင့်တင်နိုင်ရေး ဆွေးနွေးလျက်ရှိရာ စာချုပ်အဆင့်မြှင့်တင်မှု ဆွေးနွေးချက်များသည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းစိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရေးနှင့် ကပ်ရောဂါပြီးနောက်ပိုင်း စီးပွားရေး ပြန်လည်ထူထောင်နိုင်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်လျက် စီးပွားရေးလုပ်ငန်းများအတွက်လည်း လိုက်လျောညီထွေရှိပြီး စာချုပ်၏ အဆင့်အတန်းမြင့်မားမှုကို ထိန်းသိမ်းရန် ရည်ရွယ်ခြင်းဖြစ်သည်။

AANZFTA စာချုပ်၏ အဆင့်မြှင့်တင်သည့် နယ်ပယ်များဖြစ်သော ပွင့်လင်းမြင်သာမှုရှိသော အစီအမံများ၊ ပို့ကုန်သွင်းကုန်များအတွက် အချိန်နှင့် စရိတ်လျှော့ချခြင်း၊ ကုန်သွယ်မှုအတွက် နည်းပညာများအသုံးပြုခြင်း၊ ပညာရေးဝန်ဆောင်မှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရဝယ်ယူရေး လုပ်ငန်းစဉ်များအပါအဝင် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပါဝင်မှု မြှင့်တင်ခြင်းနှင့် အကျပ်အတည်းကာလအတွင်း အဓိကကုန်စည်များ ပို၍လွယ်ကူမြန်ဆန်စွာ စီးဆင်းစေခြင်း စသည့် နယ်ပယ်တို့မှတစ်ဆင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိစေမည်ဖြစ်သည်။

အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Datto Lim Jock Hoi ကလည်း AANZFTA ၏ အဓိက အရေးကြီးသောအချက်တစ်ခုဖြစ်သည့် AANZFTA စာချုပ် အဆင့်မြှင့်တင်ခြင်းအတွက် ဆွေးနွေးမှု အဆုံးသတ်နိုင်ခြင်းကို ကြိုဆိုကြောင်း၊ AANZFTA သည် အာဆီယံ-သြစတြေးလျ မဟာဗျူဟာကျသော ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ-နယူးဇီလန် မဟာဗျူဟာကျသော ဘက်စုံပူးပေါင်းဆောင်ရွက်မှုတို့အတွက်သာမက ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ဆောင်ရွက်ရန်ဖြစ်ပါကြောင်း အလေးထားပြောကြားခဲ့ပြီး ဤဆွေးနွေးမှုသည် ဒေသတွင်း စီးပွားရေးတွင် အာဆီယံဦးဆောင်မှုဖြင့် ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုကြာရှည်ပြီး တိုးတက်မှုရှိသော ပူးပေါင်းဆောင်ရွက်မှုတစ်ခု ဖြစ်ကြောင်း ထပ်လောင်းပြောကြားထားသည်။

## ထိုင်းလျှပ်စစ်ကားဈေးကွက်သို့ ဂျပန်တိုယိုတာကုမ္ပဏီ ခြေဆန့်လာ

ဂျပန်နိုင်ငံအခြေစိုက် တိုယိုတာကုမ္ပဏီသည် ထိုင်းနိုင်ငံ၏ လျှပ်စစ်ကားဈေးကွက်အတွင်းသို့ ထိုးဖောက် ဝင်ရောက်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး မကြာမီ ထိုင်းနိုင်ငံ၌ လျှပ်စစ်ကားများကို စတင် ရောင်းချတော့မည်ဖြစ်ကြောင်း ကြေညာထားသည်။

ထိုင်းနိုင်ငံ၌ မိတ်ဆက်ရောင်းချမည့် လျှပ်စစ်ကားမှာ bZ4X ဖြစ်ပြီး တိုယိုတာ၏ နာမည်ကျော် Lexus ဇိမ်ခံကားပြီးပါက ပထမဆုံးထုတ်လုပ်သည့် လျှပ်စစ်ကားလည်း ဖြစ်သည်။



ထိုင်းနိုင်ငံအတွင်း ပထမဆုံးရောင်းချမည့် တိုယိုတာလျှပ်စစ်ကား မော်ဒယ် bZ4X ။

ဂျပန်၌ပင် ထုတ်လုပ်သွားမည်ဖြစ်ပြီး အဆိုပါလျှပ်စစ်ကားကို ထိုင်းဘတ်ငွေ ၁ ဒသမ ၈၃ သန်း (အမေရိကန်ဒေါ်လာ ၄၉၉၀၀) သတ်မှတ်ထားကြောင်း သိရသည်။

လျှပ်စစ်ကားကို တစ်ကြိမ် အားသွင်းပြီးပါက ကီလိုမီတာ ၄၀၀ အထိ မောင်းနှင်သွားလာနိုင်ပြီး အရောင်ခြောက်မျိုးဖြင့် ထုတ်လုပ်ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။




## ရှန်ဟိုင်း၌ နိုင်ငံတကာကုန်စည်ပြပွဲကျင်းပ၊ ၁၄၅ နိုင်ငံ ပါဝင်ပြသ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ "The 5th China International Import Expo(CIIE)" ကုန်စည်ပြပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါပြပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက် ညနေပိုင်းက Online/ Offline ဖြင့် ကျင်းပခဲ့ရာ ပေကျင်းမြို့စံတော်ချိန် ၂၀:၀၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင် တက်ရောက်၍ ဗီဒီယိုဖြင့် အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

ယခုနှစ် ကျင်းပသည့် "The 5th China International Import Expo (CIIE)" ကုန်စည်ပြပွဲကို ပြပွဲ"Theme" ဖြစ်သည့် "မျှဝေထားသော ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများအတွက် ကမ္ဘာလုံးဆိုင်ရာ ပွင့်လင်းမှုကို လှုံ့ဆော်ခြင်း" ဆောင်ပုဒ်နှင့်အညီ ကျင်းပခြင်းဖြစ်သည်။

**နိုင်ငံပေါင်း ၁၄၅ နိုင်ငံ ပါဝင်ပြသ**

မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ကုန်စည်ပြပွဲတွင် ပထမအကြိမ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း ပါဝင်ပြသနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၄၅ နိုင်ငံမှ ပါဝင်ပြသခဲ့သည်။

အဆိုပါ နိုင်ငံတကာကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသခြင်းဖြင့် နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ဆက်ဆံမှုများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ကုန်သွယ်ရေး စည်ပင်ဝပြောမှု ရှိစေရေးတို့ကိုလည်း တိုးမြှင့်စေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးလျက်ရှိသော မဟာဓာတ်အားလိုင်း ဖောက်ခွဲဖျက်ဆီးခံရမှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့ (၁၃) မြို့သို့ လျှပ်စစ်ဓာတ်အား ၆၀ မဂ္ဂါဝပ်ခန့် ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော ၂၃၀ ကေဗွီ မင်းဘူး (မန်း) – အမ်း မဟာဓာတ်အားလိုင်း၏ တာဝါတိုင်(၁) တိုင်ကို NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများမှ ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် လျှပ်စစ်မီးသုံးစွဲသူပြည်သူများသို့ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် အမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**






၂၃၀ ကေဗွီ မင်းဘူး (မန်း) – အမ်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၉၄) ရှိ အောက်ခြေထောက်တိုင်တစ်ခု ဖောက်ခွဲဖျက်ဆီးခံရမှု အထောက်အထားများအား တွေ့ရစဉ်။





မသမာသူများ၏ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ၂၃၀ ကေဗွီ မင်းဘူး (မန်း) – အမ်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၉၄) ဖောက်ခွဲဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံ။





၂၃၀ ကေဗွီ မင်းဘူး (မန်း) – အမ်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၉၄) အောက်ခြေထောက်တိုင် နှစ်ချောင်းတွင် မသမာသူများက မိုင်းထောင်ထားသည်ကို တွေ့ရှိရစဉ်။

# AA အဖွဲ့က ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် အသက် ၅ နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အသက် ၆ နှစ်အရွယ် ကလေးငယ် တစ်ဦးတို့အပါအဝင် ၁၀ ဦး သေဆုံးခဲ့ပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၇** ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာရှိ နယ်မြေခံ ရဲကင်းစခန်းအား နိုဝင်ဘာ ၁၆ ရက်တွင် AA အဖွဲ့မှ အင်အား ၂၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လောင်းဒုံကျေးရွာအတွင်း လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ဒေသခံတိုင်းရင်းသား ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့မှုများ ဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကြိမ်ချောင်းကျေးရွာနယ်မြေခံရဲကင်းစခန်းအား AA အဖွဲ့မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နယ်မြေခံရဲကင်းစခန်းအနီးရှိ လယ်ကွင်းသို့ လက်နက်ကြီး သုံးလုံး၊ လောင်းဒုံ(မြို) ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည် သုံးလုံးကျရောက်ပေါက်ကွဲခဲ့သည်။

AA အဖွဲ့၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လောင်းဒုံ(မြို)ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည့် လက်နက်ကြီးကျည် သုံးလုံးသည် ယင်းကျေးရွာနေ ဦးဆော်မလုံး၏သား အမည်ပေး ကင်ပွန်းတပ်ပွဲ ကျင်းပပြုလုပ်နေသည့် နေအိမ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် ၅ နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အသက် ၆ နှစ်အရွယ် ကလေးငယ်တစ်ဦးတို့အပါအဝင် အမျိုးသားကိုးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၀ ဦးသေဆုံးခဲ့ပြီး အသက် ၃ နှစ်အရွယ် ကလေးငယ်တစ်ဦး၊ အသက် ၄ နှစ်အရွယ် ကလေးငယ်သုံးဦး အသက် ၅ နှစ်အရွယ် ကလေးငယ်သုံးဦးတို့ အပါအဝင် အမျိုးသား ၂၁ ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ၂၄ ဦးတို့တွင် လက်နက်ကြီးအစ ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ဒေသခံတိုင်းရင်းသား ပြည်သူများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ခဲ့ပြီး ထောက်ပံ့ငွေများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်းနှင့် ကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လောင်းဒုံ(မြို)ကျေးရွာအတွင်း AA အဖွဲ့များ ပစ်ခတ်သည့် ၆၀ မမဖုံးသီး သုံးလုံး ကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသည့် ကျေးရွာသူကျေးရွာသားများ။

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁၁-၂၀၂၂ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဇောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်း ပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** "ဒီမိုကရေစီဆိုသည်မှာ"
- **၀၉:၄၀** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** "ရင်ခုန်ခံစား ကာတာကမ္ဘာ့ဖလား"
- **၁၁:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရွာပဲလောကကြီးငရဲ'
- **၁၂:၃၀** MRTV National News
- **၁၂:၅၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်း ထုတ်ပြန်ရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- **၁၆:၃၅** လူငယ်ရေးရာအစီအစဉ်
- **၁၇:၁၅** ASEAN Information Exchange Initiative Program 2022
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာ...သိရိဂေဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို'(အပိုင်း-၂၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၂)

**mitv**

- **07:02** Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- **07:11** The Longest Living Siblings (Part-2)
- **07:33** From Bamboo Strip to Sublime Buddha
- **07:56** Myanmar Street Foods
- **08:01** News
- **08:27** Travelogue: "Anyar Myay" or Upcountry (Part-3)
- **08:43** Between the Beaches: Chaung Tha Vs Ngwe Saung
- **08:53** Historic Of Kyaukka Shwe Gu Ni Pagoda
- **09:01** Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song "Surviving Hardship"
- **09:06** Exploring Migratory Birds at Moe Yun Gyi Sanctuary
- **09:47** Myanmar Traditional Art Bronze Casting
- **09:47** Tea
- **10:01** News
- **10:27** Topical Topics
- **10:32** Kayah Style

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆ :၀၀ မှ ၀၇:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
မြှားတံပြုလုပ်ခြင်းနှင့်အထားအသို

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ငါးရံ့သရက်သီးချက်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပြုံးပဒေသာ(အပိုင်း-၁)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
စံကားမြို့ပေါင်းနှင့်ဖယ်ခုံအင်းအလှ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
စာအတူတူပတ်ကြရအောင်

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ကြက်ဆန်လျော်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ပညာပန်းနှင့်အလှဆင်(ဇာတ်လမ်းတို)

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ငုံးမွေးမြူရေး

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှေဂါရန်ဂို

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၁၅** ရသစုံစွာကျေမြေကမ္ဘာ
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၃:၀၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏(၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၉:၄၅** ကာတာကမ္ဘာ့ဖလား (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "သူတစ်ပါးအယောင်ဆောင်ခြင်း"
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲချယ်တင်မြောက် ပုံစနစ် (ဖိလိပ်ပိုင်သမ္မတနိုင်ငံ)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ သတင်း
- **၀၆:၄၅** ပွလုံကြွယ်ဝ အင်းငါးကဏ္ဍ တွဲလက်ညီလှ မိသားစုဘဝ
- **၀၇:၀၀** ကျေးလက်တွန်ရက်
- **၀၇:၃၅** အသေးစားငါးရှဉ့်မွေးမြူရေးနှင့်အခြေခံ ကျေးလက်ဒေသဖွံ့ဖြိုးရေး
- **၀၈:၀၀** စက်မှုလယ်ယာစနစ်ကိုဦးတည်မြို့သစ် မြို့နယ်ကကိုရုံတောင်ကျေးရွာဆီ
- **၀၈:၅၀** တောင်သူဦးကြီးဘဝမြင့်တင်ပိုကြွယ်ဝဲသီးနှံ စိုက်ကြစို့
- **၀၇:၀၀** တိရစ္ဆာန်စာဖူလုံရေးအတွက် အရေးပါသော ပြောင်း

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** ရင်ခုန်ခံစားကာတာကမ္ဘာ့ဖလား / Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အုန်းတောကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်ဟသာ်တကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ နေနတ်သားပရိယတ္တိ စာသင်တိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ခေမာသိဒ္ဓိမင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိဓမ္မဒူတတောရကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပုညဝတီ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ(မြောက်)ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အရိယဝံသမြို့ဦးပရိယတ္တိစာသင်တိုက်၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ လေးမျက်နှာပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၁၁ - ၂၀၂၂

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၀၉၂၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၀၉၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၇၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၇၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၅ ကျပ် | ၂၆၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၉၀ ကျပ် | ၂၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၇၅ ကျပ် | ၂၂၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၈၆ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၃၄ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၈၀၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၀၄ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၂ . ၀၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၆ . ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၈၁၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၂၀၀ | ၅၂ | ၄၇၈၂၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၅၉၈၅ | ၂၀၀၄၉၃၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၃၃ | ၂၅၇၄၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၀၀ | ၂၇၀၀၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၀ | ၅၄၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀၀ | ၅၀၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နုပျိုကျန်းမာ သက်ကြီးသူတို့ ပျော်စံရာ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ

**ယနေ့ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၈၀၀၀ ပြည့်ပြီဖြစ်။ အမည့်တဝင်းဝင်း၊ အကင်းတဖြုတ်ဖြုတ် ဆိုသည့်အတိုင်း ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသေနှုန်းလျော့ကျအောင် နည်းပေါင်းစုံဖြင့် ဆောင်ရွက်နေသည့် ယနေ့ကမ္ဘာကြီးတွင် အသက် ၆၀ နှင့် အထက် သက်ကြီးရွယ်အိုဦးရေမှာ တစ်နေ့တခြား တိုးပွားနေသည်။ ၂၀၁၉ ခုနှစ်က အသက် ၆၅ နှစ်နှင့်အထက် လူဦးရေ ၇၀၃ သန်းသာရှိသော်လည်း လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ၁ ဒသမ ၅ ဘီလီယံကျော်သို့ ရောက်လိမ့်မည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားသည်။**

ကြည်ထွန်း(လူမှု)

မြန်မာနိုင်ငံ၏ သက်ကြီးရွယ်အို အချိုးအစားသည်လည်း ယခင်ကထက် ပိုမိုများပြားလျက်ရှိရာ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို ရာခိုင်နှုန်းသည် ၁၉၇၃ ခုနှစ်တွင် ၆ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၉ ခုနှစ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်ပြောင်းလဲလာသည်။ ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပြန်ထားသော သက်ကြီးရွယ်အို အကြောင်းအရာ သုတေသနစာတမ်းအရ မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အိုဦးရေ ၄ ဒသမ ၅ သန်းခန့်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အို ၁၃ သန်းခန့် ရှိလာနိုင်သည်ဖြစ်ရာ သက်ကြီးရွယ်အို အရေအတွက်နှင့် အသက် ၁၅ နှစ်အောက် ကလေး အရေအတွက် တူညီလုနီးပါး ဖြစ်လာတော့မည်။

**အိုသူကို ပျိုသူတို့ ထမ်းရမည်**

ဤသို့ နိုင်ငံ့လူဦးရေတွင် ကလေးပါဝင်မှု အချိုးအစားလျော့ကျသွားပြီး သက်ကြီးရွယ်အိုပါဝင်မှု အချိုးအစား မြင့်တက်လာခြင်းသည် ကမ္ဘာ့နိုင်ငံများအဖို့ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာသည်။ သို့ရာတွင် "အိုသူကို ပျိုသူတို့ ထမ်းရမည်" ဟူသော လောကနိယာမအရ နိုင်ငံတကာတွင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို နည်းလမ်းခြောက်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

**စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ ထူထောင်စောင့်ရှောက်ခြင်း**

ထိုနည်းလမ်း ခြောက်သွယ်အနက် ပထမနည်းလမ်းဖြစ်သည့် **"စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများထူထောင်စောင့်ရှောက်ခြင်း"** လုပ်ငန်းမှာ မြန်မာနိုင်ငံတွင် ၁၉၁၅ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်သည်။ လူမှုဝန်ထမ်းအာဇာနည် အမျိုးသမီးကြီး အဘွားဒေါ်ဦးဖွန်း စတင်တည်ထောင်သော စစ်ကိုင်းမြို့ မင်းကွန်းဘိုးဘွားရိပ်သာမှ အစပြု၍ မြန်မာပြည်တစ်ဝန်း အမြို့မြို့အနယ်နယ်တွင် ဘိုးဘွားရိပ်သာ များစွာ ပေါ်ထွန်းလာသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြု ဘိုးဘွားရိပ်သာ ၉၃ ခုရှိ ဘိုးဘွား ၃၀၀၀ ကျော်အတွက် ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာတို့ကို နှစ်စဉ်မပြတ် ထောက်ပံ့မှုပြုပေးသည်။ ပြည်တွင်း ပြည်ပ စေတနာရှင်၊ အလှူရှင်များကလည်း စေတနာ၊ သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းလျက်ရှိကြသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ခေါ်ဆိုမိပါသည်။




အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ပါဝင်ဆင်နွှဲနေသော ဘိုးဘွားများ။

မြန်မာနိုင်ငံရှိ သက်ကြီးရွယ်အိုအများစုသည် ကိုယ့်ရပ်ကိုယ့်ရွာကို ခုံမင်မြတ်နိုးသူများဖြစ်သည့်အလျောက် ဘိုးဘွားရိပ်သာများသို့ သွားရောက်နေထိုင်ရန် ဝန်လေးကြသည်။ သားထောက်သမီးခံမရှိသော သက်ကြီးရွယ်အိုများ ၊ ဆွေမျိုးသားချင်းနည်းပါးသော သက်ကြီးရွယ်အိုများ မြန်မာနိုင်ငံအနှံ့အပြားတွင်ရှိနေကြသည်။ အကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲနွမ်းပါးပြီး အထီးကျန်ဖြစ်နေသော သက်ကြီးရွယ်အိုများ၏ လူမှုရေးအခြေအနေကို အတိုင်းအတာတစ်ခုအထိ ကောင်းမွန်တိုးတက်စေရန် ၂၀၀၄ ခုနှစ်မှစ၍ **"အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်း"** ကို ချမှတ်၍ မြို့နယ်ပေါင်း ၁၅၄ မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

**သက်ကြီးသူ များ၏ စွမ်းဆောင်ရည် ပိုမိုအားကောင်းလာစေ ရန်**

၂၀၀၉ ခုနှစ်မှစ၍ ကျေးရွာပေါင်း ၁၁၈ ရွာတွင် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့သည်။ ယခုအခါ လူကြီး၊ လူငယ်အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သက်ကြီးသူများ၏ စွမ်းဆောင်ရည်ကို ပိုမိုအားကောင်းလာစေရန် **"လူမှုအားမာန် အဖွဲ့"** ( Inclusive Self Help Group– ISHG) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရာ အဖွဲ့ပေါင်း ၂၂၂ ဖွဲ့ ရှိလာပြီဖြစ်သည်။ နိုင်ငံတော်က မတည် ရန်ပုံငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးခဲ့ကြောင်း ကြားသိရ၍ ဝမ်းမြောက်ကြည်နူးမိပါသည်။

မြန်မာနိုင်ငံတွင် အခြားနိုင်ငံများနည်းတူ ပြောင်းလဲလာသော လူနေမှုပုံစံအရ မိသားစု အသီးသီးတွင် အလုပ်လုပ်နိုင်သော မိသားစုများက နေ့စဉ် အလုပ်သွားရသည်။ ကျောင်းနေအရွယ် ကလေးများကလည်း ကျောင်းတက်ကြရသည်။ အိမ်တွင်ကျန်ရစ်ခဲ့သော မိဘဘိုးဘွားများမှာမူ ငွေကြေးမချို့တဲ့သော်လည်း အထီးကျန်ဆန်သော ဝေဒနာကို ခံစားနေကြရသည်။ ဤသို့သော သက်ကြီးရွယ်အိုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက နိုင်ငံတကာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းတစ်ရပ်ဖြစ်သော **"သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ"** ပေါ်ထွန်းလာရန် ရည်သန်ခဲ့သည်။

**သက်ကြီးရွယ်အိုများနေ့ပိုင်း စောင့်ရှောက်ရေး ဂေဟာ**

သို့ဖြစ်၍ လူမှုရေးအရ စောင့်ရှောက်မှုပေးရန် လိုအပ်လျက်ရှိသော သက်ကြီးရွယ်အိုများအား စောင့်ရှောက်အကူအညီပေးနိုင်ရန်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး အစီအစဉ်ကို လုပ်ငန်းတစ်ရပ်အနေဖြင့် ထည့်သွင်းဆောင်ရွက်နိုင်ရန် လည်းကောင်း၊ သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်လိုသော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် စံနမူနာဖြစ်စေရန်လည်းကောင်း ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ရှိ ကျယ်ဝန်းစိမ်းလန်းသော ခြံအမှတ် (၆၄) တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော သက်ကြီးရွယ်အိုများနေ့ပိုင်း စောင့်ရှောက်ရေး ဂေဟာကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါဂေဟာ အဆောက်အအုံကို ၁၉၅၄ ခုနှစ် ဇူလိုင် ၁၅ ရက်ကတည်းက ဆောက်လုပ်ခဲ့ပြီး ရန်ကုန်လူငယ်များ စံပြဂေဟာအဖြစ်လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ကမ္ဘာအေး လူငယ်သင်တန်းကျောင်း အဖြစ်လည်းကောင်း ၊ ၁၉၈၅ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်) အဖြစ်လည်းကောင်း အသုံးပြုခဲ့သည်။ အင်္ဂလိပ်အက္ခရာ E ပုံသဏ္ဌာန် နှစ်ထပ်အဆောက်အအုံ ဖြစ်သည်။ ရှေ့မျက်နှာစာ ဆင်ဝင်အောက်မှ ဂေဟာအတွင်းသို့ ဝင်လျှင်ဝင်ချင်းညှော့်ခန်းနှင့် ရုံးခန်းတို့က ဆီးကြိုနေသည်။ ယင်းအခန်း၏ တစ်ဖက်တစ်ချက်စီ၌ (၅၀ x ၂၅) ပေစီကျယ်ဝန်းသော ခန်းမကြီး နှစ်ခုရှိသည်။ ဝဲဘက်ခန်းမကြီးကား ခေတ်အဆက်ဆက် ကိုးကွယ်ခဲ့သော ဉာဏ်တော် လေးပေခွဲခန့်ရှိ ကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်ရာ ဘုရားခန်းဖြစ်သည်။ ယာဘက်ခန်းမကြီးမှာ ဘိုးဘွားများ စုဝေးရာ၊ ကိုယ်လက်ကြံ့ခိုင်ရေးနှင့် လေ့ကျင့်ခန်းများ ပြုလုပ်ရာနေရာဖြစ်သည်။ ထိုခန်းမ၏ နံရံပေါ်တွင် ဘိုးဘွားများ၏ တစ်နေ့တာ ဆောင်ရွက်မှု အချိန်ဇယားနှင့် ဘိုးဘွားများ လိုက်နာရန် စည်းကမ်း ၁၇ ချက်ကို ချိတ်ဆွဲထားသည်။

အထက်ပါ ခန်းမကြီး၏ အနောက်ဘက် စင်္ကြံလမ်း တစ်လျှောက်တွင် စာကြည့်တိုက်၊ ပန်းချီ လက်မှုခန်း ၊ ရုပ်သံကြည့်သီဆိုခန်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးခန်းတို့ရှိသည်။ အခန်းအသီးသီး၌ မိမိဝါသနာထုံရာ စာပေ၊ ပန်းချီ၊ လက်မှု၊ ဂီတ စသည့် အနုပညာတို့ဖြင့် စိတ်ကြိုက်မွေ့လျော်နိုင်သော အဆောင်ဖြစ်သဖြင့် **"အနုသုခမဆောင်"** ဟု အမည်ပေးရပေမည်။ ရုံးခန်း အနောက်ဘက်ရှိ စင်္ကြံလမ်း နှစ်ခုကြားတွင် ဘိုးဘွားအားလုံးကို တစ်ပြိုင်တည်း ကျွေးနိုင်သော ထမင်းစားခန်းကိုတွေ့ရမည်။ ဘုရားခန်းအနောက်ဘက်ရှိ စင်္ကြံလမ်းတစ်လျှောက်တွင် ဘိုးဘွားများ သက်သောင့်သက်သာ လဲလျောင်းအိပ်စက် အနားယူနိုင်သော အဘိုးများ နားနေခန်း၊ အဘွားများ နားနေခန်းနှင့် ဆေးကုခန်းတို့ကို တွေ့ရသည်။ ဂေဟာအပေါ်ထပ်ကိုမူ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ဖွင့်လှစ်ထားသည်ဟု သိရသည်။

အဆိုပါ ဂေဟာ၌ (၁) အသက် ၇၀ နှင့် အထက်ရှိသူ၊ (၂) လူမှုရေးအရ အထီးကျန် ဖြစ်နေရသူ၊ (၃) နာတာရှည်ရောဂါ ဝေဒနာခံစားနေရမှု မရှိသူများအနက် ဦးစားပေး ပြုစုစောင့်ရှောက်ပေးရန် လိုအပ်သော သက်ကြီးရွယ်အိုများအား လက်ခံစောင့်ရှောက်ပေးလျက်ရှိရာ ယခုအချိန်အထိ ၄၂၆ ဦး ရှိသည်။ လက်ရှိတွင် အသက် ၇၀ ကျော်နှင့် ၉၀ အတွင်းရှိ အဘိုး ၄၉ ဦး နှင့် အဘွား ၂၆ ဦး စုစုပေါင်း ၇၅ ဦး လက်ခံစောင့်ရှောက်ထားသည်။ ယင်းတို့အနက် အသက် ၉၀ အရွယ်ရှိ အဘိုး ဦးငွေလွန်းနှင့် အဘွား ဒေါ်အိမေတို့မှာ အသက်အကြီးဆုံး ဖြစ်သည်။ နေရာတိုင်း၊ ဌာနတိုင်းတွင် အမျိုးသမီးဦးရေ ပိုမိုများပြားလေ့ရှိရာ ဤဂေဟာ၌ အဘိုးဦးရေမှာ အဘွားဦးရေထက် နှစ်ဆနီးပါး ရှိနေသည်ကို ထူးခြားမှုတစ်ခုအဖြစ် သတိပြုမိသည်။

ဂေဟာရှိ ဘိုးဘွားတစ်ဦးချင်း (သို့) အုပ်စုလိုက် Counselling ပြုလုပ်ပေးခြင်း၊ မူကြိုကျောင်းများမှ ကလေးငယ်များနှင့် တွေ့ဆုံပေးခြင်း၊ လူငယ်များနှင့် တွေ့ဆုံ၍ ဘဝအတွေ့အကြုံများ ဟောပြောခြင်း၊ မိမိဝါသနာပါရာ လုပ်ငန်းများ လုပ်ဆောင်စေခြင်း၊ သက်ကြီးသူအချင်းချင်း လူမှုရေးကွန်ရက်ထားရှိပြီး သတင်းအချက်အလက်များ နှီးနှောဖလှယ်ခြင်း၊ နေ့ကြီးရက်ကြီးများတွင် အခမ်းအနားများ ကျင်းပပေးခြင်း၊ အခြားဘိုးဘွားရိပ်သာများမှ အဘိုးအဘွားများနှင့် တွေ့ဆုံပွဲစီစဉ်ပေးခြင်းစသည့် **"လူမှုရေးဝန်ဆောင်မှု"** များ ပြုလုပ်ပေးလျက်ရှိသည်။ ထို့ပြင် အထွေထွေကျန်းမာရေးစစ်ဆေးပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု ဆောင်ရွက်ပေးခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများပြုလုပ်စေခြင်း၊ ကျန်းမာရေးပညာပေး ဟောပြောဆွေးနွေးခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာဆေးရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့်လည်း **"ကျန်းမာရေးဝန်ဆောင်မှုများ"** ကို ဖြည့်ဆည်းပေးနေသည်။

**❊ မြန်မာနိုင်ငံတွင် အခြားနိုင်ငံများနည်းတူ ပြောင်းလဲလာသော လူနေမှုပုံစံအရ မိသားစု အသီးသီးတွင် အလုပ်လုပ်နိုင်သော မိသားစုများက နေ့စဉ်အလုပ်သွားရသည်။ ကျောင်းနေအရွယ်ကလေးများကလည်း ကျောင်းတက်ကြရသည်။ အိမ်တွင်ကျန်ရစ်ခဲ့သော မိဘဘိုးဘွားများမှာမူ ငွေကြေးမချို့တဲ့သော်လည်း အထီးကျန်ဆန်သော ဝေဒနာကို ခံစားနေကြရသည်။ ဤသို့သော သက်ကြီးရွယ်အိုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက နိုင်ငံတကာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းတစ်ရပ်ဖြစ်သော "သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ" ပေါ်ထွန်းလာရန် ရည်သန်ခဲ့သည်**

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

**ဘက်စုံ၊ ထောင့်စုံမှ ဝန်ဆောင်မှုပြုပေးနေ**

ထို့အတူ စာဖတ်ခြင်း၊ ကွန်ပျူတာအင်တာနက် အသုံးပြုခြင်း၊ ရုပ်သံလိုင်းများကြည့်ရှုခြင်း၊ ကာရာအိုကေသီဆိုခြင်း၊ တရားထိုင်ခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်း၊ မိမိဝါသနာပါရာများ လုပ်ဆောင်ခြင်း စသည့် **"အပန်းဖြေအနားယူမှုဆိုင်ရာ ဝန်ဆောင်မှု"** များကို နေ့စဉ်ပြုလုပ်ပေးလျက်ရှိသည်။ ထို့ပြင် မကအာဟာရပြည့်ဝသော နံနက်စာ၊ နေ့လယ်စာ၊ မွန်းလွဲစာ သုံးကြိမ်ကို နေ့စဉ်ကျွေးမွေးခြင်း၊ သက်ကြီးသူများ သိသင့်သိအပ်သော ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများနှင့် အခြားဘာသာရပ်များကို အခါအားလျော်စွာ ဟောပြောဆွေးနွေးခြင်းဖြင့် ဘက်စုံ၊ ထောင့်စုံမှ ဝန်ဆောင်မှုပြုပေးနေသည်ဟု သိရသည်။

ဂေဟာအတွင်း လှည့်လည်ကြည့်ရှုရာတွင် အနသုခမဆောင်နှင့် ထမင်းစားခန်းအကြားရှိ (၇၀x၃၅) ပေ ကျယ်ဝန်းသောကြားကွက်လပ်တစ်ခုလုံးကို မျက်ခင်းတုခင်းကာ မိုးလုံလေလုံ **"စိတ်ကြိုက်နားနေခန်းကြီး"** တစ်ခုအဖြစ် ဖန်တီးထားသည်ကို မြင်ရ၍ လွန်စွာ အံ့သြမိသည်။ စိမ်းလန်းစိုပြည်သော မြက်ခင်းပေါ်ဝယ် Name Card လည်ဆွဲ ကိုယ်စီချိတ်ဆွဲထားသော ဘိုးဘွားအချို့ကိုတွေ့ရသည်။

၎င်းတို့ကား ငယ်မူငယ်သွေး မပျောက်သေးသည့်ဟန်ရှိသည်။ စစ်တုရင်ထိုးသူ၊ ကျားကစားသူ၊ ရယ်မောပျော်ရွှင်စွာ စကားဝိုင်းဖွဲ့သူတို့ဖြင့် ပွဲကျနေသူများထံ သွားရောက် မေးမြန်းစပ်စုကြည့်မိသည်။ ဘဝတူ သက်ကြီးရွယ်အိုများကို ထိုက်ချိသင်ပေးသော အဘွားဒေါ် ခင်မြင့်မြင့် ၈၁ နှစ်က "အဘွားကတော့ မနက်တိုင်း ၉ နာရီ ရောက်အောင်လာတယ်။ အားလုံးစုဝေးပြီး ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းတွေ လုပ်ကြတယ်။ ဒီဂေဟာမှာက မနက် ၉ နာရီခွဲမှာ နံနက်စာကျွေးတယ်။ နံနက် ၁၁ နာရီခွဲမှာ နေ့လယ်စာကျွေးတယ်။ နေ့လယ် ၃:၁၅ နာရီ မှာ Tea Break ပေးတယ်ဆိုတော့ အားလုံး သုံးကြိမ်ကျွေးတာပေါ့။ နေ့ခင်း ၁၂ နာရီခွဲက ၁ နာရီအထိ နာရီဝက်လောက် အိပ်စက်အနားယူရတယ်။ စားချိန်၊ အိပ်ချိန်ကလွဲရင် ကျန်တဲ့အချိန်တိုင်းဟာ Free Time ပဲ။ ကျန်းမာရေး၊ လူမှုရေးနဲ့ အပန်းဖြေအနားယူမှုဆိုင်ရာ လုပ်ငန်းတွေထဲက ကိုယ်သန်ရာကို လွတ်လွတ်လပ်လပ်ရွေးပြီး လုပ်နိုင်တယ်။ သို့ပေမယ့် ဘာပဲလုပ်လုပ် အကျိုးရှိအောင်လုပ်ဖို့ကတော့ အဖွားတို့ရဲ့တာဝန်ပဲလေ" ဟုဆိုသည်။

အငြိမ်းစား ကျောင်းဆရာမကြီး အဘွား ဒေါ်မြကြင် ၈၁ နှစ်က "ဒီမှာက အချိန်မှန်လေ့ကျင့်ခန်းလုပ်ဖြစ်တယ်၊ အချိန်မှန်စားရ၊ အိပ်ရတယ်။ အချိန်မှန်တရားလည်းထိုင်ဖြစ်တယ်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်ဆိုရင် အိမ်မှာမနေတတ်တော့ဘူး" ဟု ဆိုသည်။



မရမ်းကုန်းမြို့နယ်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ။

ဂေဟာ စဖွင့်ကတည်းက ဦးဆုံးရောက်ရှိခဲ့သော ရှေးမီနောက်မီ အဘိုးဦးညွန့်ရွှေ ၈၂ နှစ်က "ကိုဗစ်ကာလမှာ လက်တွဲဖော် ၂၅ ဦးလောက် တိမ်းပါးသွားတယ်။ ကိုယ်လည်း ဒီလမ်းကို သွားရမှာပဲ။ မသွားခင်တော့ ဒီဂေဟာမှာ ပျော်ပျော်ကြီး နေသွားချင်သေးတယ်" ဟုဆိုသည်။ နေပြည်တော်တွင်ကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့သူ အဘိုး ဦးတင်ထွန်း ၈၀ နှစ်က "၂၀၁၈ ခုနှစ်တုန်းက ဒီဂေဟာမှာ နေသွားတဲ့ ဂီတစာဆို မောင်ဆွေမွန် ရေးစပ်တဲ့ **"လူမှုဝန်ထမ်းတာဝန် ကျေစေမည်"** ဆိုတဲ့ သီချင်းနဲ့ အဖွဲ့လိုက် သီဆိုဖျော်ဖြေခဲ့တယ်။ ၂၀၁၉ ခုနှစ်မှာတော့ Zumba ဆိုတဲ့ အကကို ၁၂ ဦးအဖွဲ့နဲ့ ဖျော်ဖြေခွင့်ရခဲ့တယ်။ အင်မတန်မှပျော်ဖို့ကောင်းပါတယ်"ဟု ပြောပြသည်။

ထို့အတူ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းကြီး ဦးလှတင်၊ ငယ်စဉ်က ပိုလန်နိုင်ငံ ပန်းချီပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သူ ဦးစိုင်းလှအောင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ဒုတိယလက်ထောက် အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးမျိုးကြည်၊ ပင်လယ်ပျော် သင်္ဘောသား ဆက်သွယ်ရေးအရာရှိဟောင်း ဦးဖေသန်းတို့ထံမှ ၎င်းတို့ ကျင်လည်ခဲ့ရသော ဘဝအတွေ့အကြုံတစ်စိတ်တစ်ဒေသကို မှတ်သားနာယူခွင့်ရခဲ့သည်။

ဂေဟာရုံးခန်းအတွင်းသို့ ပြန်လည်ရောက်ရှိခဲ့ရာ ဦးစီးအရာရှိ ဒေါ်မင်းမင်းဆန်းက "ဒီဂေဟာမှာ ဘိုးဘွားအများစုက ဗုဒ္ဓဘာသာဝင်တွေဆိုတော့ ဝါတွင်းသုံးလလုံး မနက်တိုင်း ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်ကြတယ်။ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အဘိုးဦးစိုးနိုင်က အဘိဓမ္မာ သင်တန်းပို့ချပေးတယ်" ဟု ဆိုသည်။ ဂေဟာယာဉ်မောင်းကြီး ဦးစိုးအောင်က "ဂေဟာအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက Hondai အမျိုးအစား ၂၈ ယောက်စီး မော်တော်ယာဉ်နှစ်စီး လှူထားတယ်။ အရင်က တစ်ပတ် သုံးရက် ကြို/ပို့ ဆောင်ရွက်နိုင်ပေမယ့် အခုအချိန်မှာ စက်သုံးဆီနဲ့ ယာဉ်ပြင်ဆင် စရိတ်ကြီးတာကြောင့် တစ်ပတ်ကို တနင်္လာ၊ သောကြာ နှစ်ရက်ပဲ ကြို/ပို့ လုပ်နိုင်တော့တယ်" ဟု ပြောပြသည်။

**ကျန်းမာတက်ကြွ သက်ကြီးဘဝ**

ဂေဟာအုပ်ချုပ်ရေးမှူး/ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးလှိုင်က "သက်ကြီးရွယ်အိုတွေ အနေနဲ့ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ ကျန်းမာနေဖို့ လိုပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြီးက ခံယူကျင့်သုံးထားတဲ့ **ကျန်းမာတက်ကြွ သက်ကြီးဘဝ** (Active and healthy aging) ကို ရရှိအောင် ဆောင်ရွက်နိုင်ဖို့ အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်မတို့ဌာနအနေနဲ့ ကာယသုခ၊ စိတ္တသုခ၊ လူမှုသုခတွေရရှိပြီး **"ပျော်ရွှင်တက်ကြွတဲ့ သက်ကြီးဘဝ"** ရရှိနိုင်အောင် မျှော်မှန်း ဆောင်ရွက်နေပါတယ်။ ဒုတိယ မျှော်မှန်းချက်ကတော့ အနာဂတ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက မြို့ကြီးပြကြီးတွေမှာ အလားတူ သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာတွေတိုးချဲ့ဖွင့်လှစ်တဲ့အခါ ဒီဂေဟာမှာ လက်တွေ့ပြုစုစောင့်ရှောက်ခြင်းက ရရှိလာတဲ့ အတွေ့အကြုံနဲ့ နည်းပညာတွေကို အသုံးပြုပြီး ထောက်ပံ့ကူညီသွားနိုင်ဖို့ပဲ ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

**သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ သင်တန်း**

၎င်းဂေဟာကား သက်ကြီးရွယ်အိုနေ့ပိုင်း စောင့်ရှောက်မှုလုပ်ငန်း သက်သက်ကိုသာ ဆောင်ရွက်နေခြင်းမဟုတ်ပေ။ ဂေဟာဝင်းအတွင်းရှိ သီးသန့်နှစ်ထပ်ဆောင်၌ **"သက်ကြီးရွယ်အိုများအတွက်ပြုစုစောင့်ရှောက်သူ (Care Giver) သင်တန်း"** ကိုလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ ဂေဟာက သတ်မှတ်ထားသော သင်တန်းသားအရည်အချင်းနှင့် ပြည့်စုံသူများ တက်ရောက်နိုင်ကြသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ကျွမ်းကျင်ပုဂ္ဂိုလ်များက သက်ကြီးရွယ်အိုများကို အနီးကပ်ပြုစုစောင့်ရှောက်မှုပေးရာတွင် လက်တွေ့အသုံးချနိုင်မည့် ဘာသာရပ်များကို ပို့ချပေးလျက်ရှိသည်။ သို့ဖြစ်ရာ ပြည်တွင်းမှာသာမက ပြည်ပ နိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် လူငယ်မောင်မယ်များပါ တက်ရောက်ကြသည်ကို တွေ့ရသည်။

ယခု ဖွင့်လှစ်နေဆဲ အမှတ်စဉ် (၁၂) အထိ သင်တန်းသား စုစုပေါင်း ၃၃၀ မွေးထုတ်ခဲ့ပြီး ဖြစ်ကြောင်း သိရ၍ အားတက်ကြည်နူးမိသည်။

သက်တမ်းအားဖြင့် ကိုးနှစ်နီးပါးတာ ကာလအတွင်း ၎င်းကဲ့သို့ ဖြစ်ထွန်းအောင်မြင်မှုများ ရရှိခြင်းသည် ၎င်းဂေဟာ၏ အေးမြစိုရွှမ်း မခန်းသောမေတ္တာ၊ မနွမ်းသော ကရုဏာ၊ ဝမ်းမြောက်လိုလားသော မုဒိတာတို့ကြောင့်ပင်ဖြစ်သည်။ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကို စိတ်ပါဝင်စားသူများ၊ ပုဂ္ဂလိကဂေဟာဖွင့်လှစ်၍ ဝန်ဆောင်မှုပြုလိုသူများ၊ သင်တန်းတက်ရောက်လိုသူများ၊ ပါဝင်အားဖြည့်လှူဒါန်းလိုသူများကို ၎င်းဂေဟာက ဝမ်းပန်းတသာ ကမ်းလင့်ကြိုဆိုလျက်ရှိပါသည်။ သို့ဖြစ်၍ နုပျိုကျန်းမာသက်ကြီးသူတို့မွေ့လျော်ပျော်စံရာ ၎င်းဂေဟာသည် သက်ကြီးရွယ်အိုလောကကို တစ်ခေတ်ဆန်းစေမည့် တွေးတောကြံစည် အားထုတ်မှုများဖြင့် ဆတက်ထမ်းပိုးတိုး၍ တိုးတက်အောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့တွင် ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ဆိုင်ကလုန်းရှပ်တာ (Sinekalone Shutter) တွင် အခြေပြု၍ ဒေသခံပြည်သူ ၂၉၀ ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၇ ဦး၊ ခွဲစိတ်ရောဂါ ရှစ်ဦး၊ သားဖွား/မီးယပ်ရောဂါခုနစ်ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၈၆ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ကိုးဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၇ ဦး စုစုပေါင်း ၂၉၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ လေးဦးနှင့် ECG ဖြင့်



နှလုံးစမ်းသပ်လူနာ ခြောက်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘူးသီးတောင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧကလျှင် တင်း ၁၀၀ ကျော်ထွက်ရှိ

**ဘူးသီးတောင် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၂ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းအခမ်းအနားကို ယမန်နေ့က ဘူးသီးတောင်မြို့နယ် နန်းရာကုန်းကျေးရွာအုပ်စု၌ ကျင်းပသည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မောင်တောခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသာကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ညီနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်နှင်းထွေးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိများ ဖိတ်ကြားထားသည့်တောင်သူများ တက်ရောက်ကြပြီး ရိတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ကြရာ တောင်သူ ဦးအေဆက်နုလ္လာ၏ ကွင်းအမှတ် (၃၂၆A) ဦးပိုင်အမှတ် (၁၄/၁)၌ စိုက်ပျိုးထားသော ဆင်းသုခစပါးမျိုး ဧက ၁၀၀ အား ၀ ဒသမ ၁၀ ဧက ကိုယ်စားပြုစံကွက်ကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကအစိုအထွက်နှုန်း ၁၁၂ ဒသမ ၉၈ တင်းနှင့် အခြောက်အထွက်နှုန်း မှာ ၁၀၃ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။

**လှကျော်( ပြန်/ဆက်)**

# ပူတာအိုလွင်ပြင်ပတ်လမ်း တည်ဆောက်ရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ပူတာအို နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူတာအိုမြို့နယ် ပူတာအိုလွင်ပြင် ပတ်လမ်းအတွင်းမှ လမ်းတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ် ဝန်ကြီးချုပ်သည် ဆထီလာကျေးရွာ ရှင်းလင်းဆောင်၌ ပူတာအိုလွင်ပြင် ပတ်လမ်းဖြစ်ပြီး ကျေးရွာအုပ်စု ၃ အုပ်စု ကျေးရွာပေါင်း ၂၈ ရွာ၌ ဖြတ်သန်းဖောက်လုပ်ထားသည့် ပူတာအို-လယ်မယ်ဝါဂျီ- နမ်ရှယ်ကော့ - မန်စေခွန်- မန်စေလမ်း ၂၅ မိုင်အတွင်း ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရေနီတိုမှ ဆထီလော်ကျေးရွာအထိ အရှည်ခုနစ်မိုင်ကျော် လမ်းပိုင်းအတွင်း တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာနှစ်အလိုက် အပိုင်းလိုက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ခရိုင်ဦးစီးမှူးနှင့် လမ်းတည်ဆောက်ရေးကုမ္ပဏီတာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လွင်ပြင်ပတ်လမ်းသည် ပူတာအိုဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များအတွက် အဓိကကျသည့် ကုန်ထုတ်လမ်းတစ်ခုဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးလာစေမည် ဖြစ်သည့်အပြင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသော လမ်းတစ်ခုဖြစ်သဖြင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားရမည့် လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရေးနှင့် အဆိုပါလမ်းနှင့်အတူ မချမ်းဘောမြို့နယ် ကောင်းမူလုံ- မန်နို- ပန်ဆပ်- ထုံတမ်း-ဆာထာ ရေခဲတောင်သွားလမ်း ၂၀ မိုင် ဖောက်လုပ်သွားနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အဆိုပါလမ်းပိုင်းအတွင်း လမ်းသားတိုးချဲ့ခြင်းနှင့် အောက်ခံ အမာခင်းကြိတ်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဆလားဒီ(၃)ကျေးရွာအတွင်း ပူတာအိုလွင်ပြင်ပတ်လမ်းအတွက် လှူစာမှုန့်လောင်စာ၊ ရေနွေးငွေ့စက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းခင်းကျောက်ရွေးစက်တည်ထောင်၍ ကျောက်အရွယ်အစားအလိုက် စစ်ထုတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



# ရွှေကူမြို့နယ် ပန်းတင်-မြိုင်သာ-လှမ်းကူး-ခေါလဲ-တာလီ-စင်းဖုတ် ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်း

**ရွှေကူ နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ်ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော ပန်းတင်- မြိုင်သာ- လှမ်းကူး- ခေါလဲ- တာလီ- စင်းဖုတ် ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၅ ရက်က တာဝန်ရှိသူများ သွားရောက်ကွင်းဆင်း စစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးမိုင်းရင်နှင့် တာဝန်ရှိသူများက ပန်းတင်- မြိုင်သာ-လှမ်းကူး-ခေါလဲ-တာလီ- စင်းဖုတ် ကျေးရွာချင်းဆက်လမ်း (ကျောက်လမ်းမှ ကွန်ကရစ်) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အရှည် နှစ်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ခုနစ်လက်မ ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ)က လုပ်ငန်းဆောင်ရွက်နေသည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆွေးနွေးသည်။

အဆိုပါလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၈၁ ဒသမ ၁ သန်းဖြင့် တင်ဒါအောင်မြင် သည့် နန်းထိုက်သစ္စာကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်မှ စတင်၍ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ၏ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး လမ်းခင်းခြင်းပြီးစီးပါက ကျေးရွာများရှိ ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဘီ**

# မွန်ပြည်နယ်အတွင်း ကျေးလက်လမ်း ၆၇ မိုင်ခန့်နှင့် ကျေးလက်တံတား ၄၄ စင်း ဆောင်ရွက်

**မော်လမြိုင် နိုဝင်ဘာ ၁၇**

မွန်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၅ ရက်က ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လပတ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသီးသီး ရှင်းလင်းတင်ပြခဲ့သည်။

ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်း ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၉၉၂ ဒသမ ၈၈၄ သန်းဖြင့် ကျေးလက်လမ်း လေးမိုင် နှစ်ဖာလုံကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၄၇၄၅ ဒသမ ၆၀၇ သန်းဖြင့် ကျေးလက်လမ်း ၆၂ မိုင် လေးဖာလုံနှင့် ကျေးလက်တံတား ၄၄ စင်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား အထက(၂)ဒဂုံ၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပညာရေးဝန်ကြီးဌာန အခြေခံပညာ ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အထက(၂)ဒဂုံ ဦးဘလွင်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းနာယကများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။ ဆက်လက်၍ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့်ပတ်သက်၍ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ရှင်းလင်းတင်ပြပြီး မြို့မကျောင်းသားဟောင်းကြီးတစ်ဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။




ထို့နောက် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ကျောင်းသား ကျောင်းသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရစာစီစာကုံးများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

**ဓာတ်ပုံ - တင်စိုး**

**သစ်တောမှန်လျှင် အသုံးဝင်**

**အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ဘိန်းခင်းများဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု ထီတလိကျေးရွာ၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာ၌ စိုက်ပျိုးထားရှိသော ဖူးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၅၀ ခန့်ကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို၊ အမှတ်(၂)မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်မြင့် ဦးစီးအဖွဲ့၊ ကလောမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စိုးထွန်းဝင်း ဦးစီးအဖွဲ့၊ အမှတ်(၄) စစ်အခြေခံလေ့ကျင့်ရေးတပ်မှ ဗိုလ်ကြီး ထွန်းထွန်းအောင် ဦးစီးအဖွဲ့နှင့် ပအိုဝ်းဌာနေ ပြည်သူ့စစ်မှ ဦးစောမောင် ဦးစီးအဖွဲ့ စုစုပေါင်း ၁၁၁ ဦးနှင့် သင်တန်းဆင်း ရဲတပ်သား ၇၀ တို့က ဘိန်းခင်း များ ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဘိန်းခင်းများ ဖျက်ဆီးဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင် ၁၁၁ ဦးအတွက် မာမီးခေါက်ဆွဲနှင့် ကော်ဖီမစ်ထုပ်များ ငွေကျပ် ၅၈၄၉၇၀ ကိုလည်းကောင်း၊ သင်တန်းဆင်း ရဲတပ်သား ၇၀ အတွက် ဆွယ်တာ၊ ခြေစွပ်၊ လက်အိတ်နှင့် ခေါင်းစွပ်များ စုစုပေါင်း ငွေကျပ် ၁၁၇၂၉၇၀ တန်ဖိုးရှိ အစားအသောက်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပုဂံမြို့ မဟာဆန္ဒပြည့်အောင်တော်မူ သိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် အစဉ်အလာမပျက် ကျင်းပ

**ပုဂံ နိုဝင်ဘာ ၁၇**

ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်၌ တည်ထားသည့် မဟာဆန္ဒပြည့် အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နိုဝင်ဘာ ၁၅ ရက်က အစဉ်အလာမပျက် ကျင်းပသည်။



နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် ပုဂံမြို့ရှိ အလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများက မဟာဆန္ဒပြည့်အောင်တော်မူ သိမ်ဘုရားကြီးကို ဦးခိုက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ မြင်းကပါကျေးရွာမှ ဝတ်ရွတ်အသင်းက ပရိတ်ပဌာန်း ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ပြီး နိုဝင်ဘာ ၁၅ ရက်က ပုဂံမြို့ ဓမ္မသိင်္ဂီဝတ်အသင်းက ပရိတ်၊ ပဌာန်း ရွတ်ဖတ်ပူဇော်၍ အလှူရှင်များက ပင့်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကာ ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဝတ္ထုငွေ၊ ဆွမ်း၊ ဆေးအစရှိသည့် ဆွမ်းသပိတ် လုံးများကိုလည်း လောင်းလှူပူဇော်ခဲ့သည်။

မဟာဆန္ဒပြည့်အောင်တော်မူ သိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် နှင့် ၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပြီး ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားခဲ့သည့်နှစ်များတွင် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်မှ တစ်ဖန်ပြန်လည်၍ အစဉ်အလာမပျက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## ဆိပ်ဖြူမြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**ဆိပ်ဖြူ နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က လူကုန်ကူးမှု အဓိပ္ပာယ်၊ လူကုန်ကူးမှုများပေါ်ပေါက်လာပုံ တွန်းအားပေးချက်များ၊ လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးခံရခြင်းကြောင့် ရရှိလာမည့် ဆိုးကျိုးများကို ဟောပြောခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## တာမွေမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

**တာမွေ နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် တာမွေမြို့နယ် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုးအောင်က အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစုမာက မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCRC) ကို ၁၉၉၁ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ကာ ကလေးသူငယ်များ၏ အခွင့်အရေးလေးရပ်ကို အပြည့်အဝရရှိစေရန် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ မိမိတို့ မြို့နယ်အတွင်း၌လည်း ကလေးသူငယ်များ အခွင့်အရေးလေးရပ်ရရှိရန်နှင့် ကလေးများအား အကြမ်းဖက်ခြင်းလုပ်ရပ်များကို ကာကွယ်တားဆီးစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများ ပူးပေါင်းပြီး ကာကွယ်စောင့်ရှောက်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များက ကော်မတီ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **နိုင်လင်းအောင်(တာမွေ)**

## စိမ်းလန်းစိုပြည်သောကျောင်းများ ဆုအတွက် အခြေခံပညာကျောင်းများသို့ ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ ပေါ်ထွန်းလာစေရေးနှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု (Clean and Green School Award) ချီးမြှင့်နိုင်ရေးအတွက် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်သည် နိုဝင်ဘာ ၁၄ ရက်က မြစ်ကြီးနားမြို့ရှိ အခြေခံပညာကျောင်းများသို့ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကွင်းဆင်းစစ်ဆေးကာ ပန်းအလှပင်နှင့် ပျိုးပင်များ ပေးအပ်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီးသည် ပြည်နယ်ပညာရေးမှူး၊ သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ သီတာရပ်ကွက်ရှိ အမှတ် (၁၁) အခြေခံပညာမူလတန်းကျောင်း၊ အလယ်ကုန်းရပ်ကွက်ရှိ အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်းနှင့် ဧရာရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ ကျောင်းအုပ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ ဖော်ဆောင်နိုင်ရေးအတွက် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိရမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အဆိုပါကျောင်းသုံးကျောင်းအတွက် သပြေဖြူ၊ ပျဉ်းမဖြူ၊ သဘော်တည်၊ ခရေ၊ ကံ့ကော်၊ ဆူးထင်းရှူး၊ တောပိတောက်၊ ကျွန်း၊ မန်ကျည်းရှား အစရှိသည့် ပျိုးပင်နှင့် ပန်းအလှပင် ၁၅၀၀ ကို ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အဆိုပါကျောင်းဝင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများဖြစ်စေရေးအတွက် ကျောင်းအတွင်းအပြင် ပြန်လည်ပြုပြင်မွမ်းမံရမည့်လုပ်ငန်းကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ မှာကြားပြီး ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီးသည် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး မြစ်ကြီးနားမြို့ လေထုကို လေထုအရည်အသွေးတိုင်းတာရေး စက်ကိရိယာဖြင့် တိုင်းတာနေမှုကိုလည်းကောင်း၊ ဓာတ်ခွဲခန်းအတွင်း ရေအရည်အသွေး၊ မြေအရည်အသွေး ဓာတ်ခွဲတိုင်းတာရေး စက်ကိရိယာများဖြင့် စမ်းသပ်တိုင်းတာနေမှုများကိုလည်းကောင်း ဆက်လက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## နမ္မတူမြို့နယ်၌ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် ရေးဖြေပြိုင်ပွဲ ကျင်းပ

**နမ္မတူ နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်၌ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာဘာသာစကား ဝေါဟာရကြွယ်ဝစေရေးနှင့် ကိုယ်ပိုင်ဉာဏ်ရည်ဖြင့် စဉ်းစားတွေးခေါ်တတ်မှု၊ တီထွင်ကြံဆတတ်မှု၊ ထိုးထွင်းသိမြင်နိုင်မှု စွမ်းရည်များမြှင့်တင်နိုင်ရေး ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် ရေးဖြေပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ရေးဖြေစွမ်းရည်ပြိုင်ပွဲများကို ဖြေဆိုချိန် တစ်နာရီဖြင့် စာဖြေခန်းလေးခန်းခွဲ၍ ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများမှ (Grade-5) မှ (Grade-9) ထိ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ၂၁ ဦး၊ ကျောင်းသူ ၃၉ ဦး၊ စုစုပေါင်း ၆၀ ဦးနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ၂၇ ဦး၊ ကျောင်းသူ ၃၇ ဦး၊ စုစုပေါင်း ၆၄ ဦး၊ ဘာသာရပ်နှစ်ခုတွင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၄ ဦးတို့ ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **လူမော် (ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# AFF Cup ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း နိုဝင်ဘာ ၁၈ ရက် စတင်လေ့ကျင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

၂၀၂၂ AFF Cup ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အသင်းသည် နိုဝင်ဘာ ၁၈ ရက်တွင် စတင်လေ့ကျင့်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်း နည်းပြချုပ် အန်တွမ်နီပေါ့ဟေးသည် ကစားသမား ၄၀ ကျော် စတင်ရွေးချယ်ထားပြီး ယင်းကစားသမားများကိုပြန်လည်လျှော့ချရန် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားစေမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်ဖြစ်သူ အန်တွမ်နီပေါ့ဟေးသည် ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သော MNL ပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သော ကစားသမား ၄၄ ဦး ရွေးချယ်ထားပြီး ယင်းကစားသမားများကို သုံးသင်းခွဲ၍ ဖွဲ့စည်းထားကာ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်မည့် မြန်မာ ယူ-၂၂ အသင်းမှာလည်း ယင်းခြေစမ်းပွဲတွင် ပါဝင်ကစားပေးမည်ဖြစ်သည်။ လက်ရွေးစင်အသင်းအတွက် ရွေးချယ်ထားသည့် ပဏာမကစားသမား ၄၄ ဦးမှ ခြေစွမ်းပြနိုင်သူ ၂၅ ဦးကို ပြန်လည် ရွေးချယ်မည်ဖြစ်ပြီး ပြည်ပကလပ်များတွင် ကစားနေသူများဖြင့် ပေါင်းစပ်ကာ လာမည့် AFF Cup ပြိုင်ပွဲအတွက် စခန်းဝင် လေ့ကျင့်မည်ဖြစ်သည်။ ယင်းခြေစမ်းပွဲများကို နိုဝင်ဘာ ၁၉၊ ၂၁၊ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး လေးသင်းကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားစေမည်ဖြစ်သည်။ ခြေစမ်းပွဲများအဖြစ် နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီတွင် အစိမ်းရောင်အသင်းနှင့် အနီရောင်အသင်း၊ ညနေ ၄ နာရီတွင် အဝါရောင်အသင်းနှင့် ယူ-၂၂ အသင်း၊ နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီတွင် အနီရောင်အသင်းနှင့် အဝါရောင်အသင်း၊ ညနေ ၄ နာရီတွင် ယူ-၂၂ အသင်းနှင့် အစိမ်းရောင်အသင်း၊ နိုဝင်ဘာ ၂၃ ရက် နံနက် ၈ နာရီတွင် အနီရောင်အသင်းနှင့် ယူ-၂၂ အသင်း၊ ညနေ ၄ နာရီတွင် အဝါရောင်အသင်းနှင့် အစိမ်းရောင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင် အဝါရောင်အသင်းတွင် နည်းပြ-ခါမေးလ်ဟာလက်၊ ဂိုးသမား- ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ နောက်တန်း- ဟိန်းဇေယျာလင်း (ရန်ကုန်)၊ ဝေယံဦး (မြဝတီ)၊ ရဲမင်းသူ (ရှမ်းယူနိုက်တက်)၊ ကျော်ဇင်လွင် (ရှမ်းယူနိုက်တက်)၊ အလယ်တန်း- ရဲလင်းထက် (ဟံသာဝတီ)၊ အောင်နိုင်ဝင်း (ရှောဝတီ)၊ လင်းထက်စိုး (အား/ကာသိပ္ပံ)၊ ရန်နိုင်ဦး (ရန်ကုန်)၊ ရှေ့တန်း- နိုင်ဇင်ထက် (မြဝတီ)၊ ရာဇာအောင် (ရှောဝတီ)၊ အရန်ကစားသမားများအဖြစ် သက်ပိုင်ကို (မြဝတီ)၊ သက်နိုင် (ရတနာပုံ)၊ ခင်ကျော်ဝင်း (အား/ကာသိပ္ပံ)၊ နေမိုးနိုင် (ဟံသာဝတီ)၊ မြန်မာ့လက်ရွေးစင် အစိမ်းရောင်အသင်းတွင် နည်းပြ- ဦးကြည်လွင်၊ ဂိုးသမား- ထွန်းနန္ဒဦး (မြဝတီ)၊ နောက်တန်း - ဇော်ရဲထွန်း (ရတနာပုံ)၊ သီဟထက်အောင် (ရန်ကုန်)၊ နန္ဒကျော် (ရှမ်းယူနိုက်တက်)၊ ဒေးဗစ်ဒန်း (ရန်ကုန်)၊ အလယ်တန်း- လှိုင်းဘိုဘို (ရတနာပုံ)၊ ကျော်မင်းဦး (ရန်ကုန်)၊ ရဲရင့်အောင်-၂ (ရတနာပုံ)၊ မြတ်ကောင်းခန့် (ရှမ်းယူနိုက်တက်)၊ ရှေ့တန်း- ဝင်းနိုင်ထွန်း (ရန်ကုန်)၊ ရန်ကျော်ထွေး (ရှောဝတီ)၊ အရန်ကစားသမားများအဖြစ် ပြည့်ဖြိုးသူ -ဂိုး (ရတနာပုံ)၊ ဇင်ဖြိုးအောင် (ရှမ်းယူနိုက်တက်)၊ ဖွဲခန့်မင်း (ရှမ်းယူနိုက်တက်)၊ အီစိုး၊ မြန်မာ့လက်ရွေးစင် အနီရောင်အသင်းတွင် နည်းပြ ဦးအောင်ကျော်မိုး၊ ဂိုးသမား- ဆန်းဆက်နိုင် (ရန်ကုန်)၊ နောက်တန်း နောင်နောင်စိုး (ရတနာပုံ)၊ ရဲရင့်အောင်-၁ (ဟံသာဝတီ)၊ ဝင်းမိုးကျော် (ဟံသာဝတီ)၊ ဝေလင်းအောင် (အား/ကာသိပ္ပံ) အလယ်တန်း - လားဒင်မောရ (ဟံသာဝတီ)၊ သက်ဝေမိုး(မြဝတီ)၊ ခွန်ကျော်ဇင်ဟိန်း (ဟံသာဝတီ)၊ ဇင်ကိုထက်(ရှောဝတီ)၊ ရှေ့တန်း- ကောင်းမြတ်သူ (ရှောဝတီ)၊ သန်းတိုးအောင် (GFA)၊ အရန်ကစားသမားများအဖြစ် အောင်ဝဏ္ဏစိုး (ရတနာပုံ)၊ ညီညီအောင် (ရှောဝတီ)၊ ဖွဲထက်မင်း (ရှမ်းယူနိုက်တက်)တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက် လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းခရီးစဉ်တွင် ထိုင်းလက်ရွေးစင်အသင်း အပါအဝင် ထိုင်းကလပ်များနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

○ *ကျောဖုံးမှ*

အဓိက ကူညီပံ့ပိုးပေးသော Mytel Operator၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ် လီမိတက်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ Mytel Operator၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ် လီမိတက်တို့မှ တာဝန်ရှိသူများက လက်ခံရယူသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်ဦးနှင့် Mytel Operator မန္တလေး တာဝန်ခံတို့က ပြိုင်ပွဲအားလက်ခံကျင်းပပေးသော ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်းသို့ အမှတ်တရ လက်ဆောင်နှင့် ဂုဏ်ပြုငွေများပေးအပ်ရာ ချယ်ရီလွင် တပ်မတော်ဂေါက်ကွင်း တာဝန်ရှိသူက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် Junior Golf Myanmar အလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်မှ ဝါသနာရှင်အဆင့် (အမျိုးသမီး)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၅၂ ချက်ဖြင့် တတိယဆုရရှိသော ဝိုင်းဝိုင်းကိုလည်းကောင်း၊ Junior Golf Myanmar အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက စုစုပေါင်းရိုက်ချက် ၂၄၅ ချက်ဖြင့် ဒုတိယရရှိခဲ့သော တုန်ရန်ကြီးကို လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးကျော်ကျော်မြင့်က စုစုပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် ပထမရရှိခဲ့သော မိုးပြည့်စုံခင်တို့ကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကိုက ဝါသနာရှင်အဆင့်(အမျိုးသား) ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၉၂ ချက်ဖြင့် တတိယဆုရရှိခဲ့သော လှိုင်မင်းထက်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမြင့်ဦးက စုစုပေါင်းရိုက်ချက် ၂၉၀ ဖြင့် ဒုတိယရရှိခဲ့သော ဇော်ဇော်ထွန်းတို့ကိုလည်းကောင်း၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်ချုပ်ဇော်မင်းလတ်က စုစုပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ ပထမရရှိခဲ့သော လွင်မိုးကိုလည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် ပညာရှင်အဆင့်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၇၉ ချက်ဖြင့် ပထမ ရရှိခဲ့သော သိန်းနိုင်စိုး (HAN Golf Academy) အား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးက ဆုဖလားနှင့် ဆုကြေး ငွေချက်လက်မှတ် ပေးအပ်ချီးမြှင့်ကာ ဆုရအားကစားသမားနှင့် တာဝန်ရှိပုဂ္ဂိုလ်များ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**ကိုညီလေး၊**
**ဓာတ်ပုံ-MGF**




သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် စက်လှေများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ VPA ရက် ၆၀ ကျော်လွန်နေသော SILICON DIOXIDE (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၄၁၉၄)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ပိုင်ရှင်က စွန့်လွှတ်ကြောင်းတင်ပြလာသော Laminated Safety Glass (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသော Iron Roller များအပါအဝင် ကုန်စည်လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၀၀၀၀)နှင့် သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Paint Brush များအပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြဝတီ - ဘားအံ - ရန်ကုန်သွားကားလမ်း ပဲခူးစက်မှုဇုန်ရှေ့၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Easy Chair များအပါအဝင် ကုန်စည်သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၁၆၀၀) နှင့် အဆိုပါကုန်စည်များတင်ဆောင်လာသော CHENG LONG အမျိုးအစားမော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၈၁၅၇၉၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဗန်းမော်မြို့နယ် မြလယ်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း တရားမဝင်ရွှေတူးဖော်နေသော စက်လှေ ၁၀ စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီး၊ မြို့မပျိုးဥယျာဉ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းခွဲသား၊ ကျွန်းတံခါးချပ်များ၊ ကျွန်းတံခါးချပ်အစိတ်အပိုင်းများ ၃ ဒသမ ၄၆၅၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၈၄၂၈)နှင့် အဆိုပါသစ်တောထွက်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ မြစ်ကြီးနားမြို့နယ် အောင်မြကျေးရွာအနီးတွင် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားမဝင်သစ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၉၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်သုံးစီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၅၇၇၉၈၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် ရွှေဘို-မြစ်ကြီးနား ကားလမ်းမပေါ်၌ လိုင်စင်မဲ့ CANDA 125 အမျိုးအစား မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာ ၈ ဒသမ ၁၆၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၄၄၈၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၅ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၀၂၈၂၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝဲကြီးကျေးရွာနေ ဗိုလ်ဗိုလ်ဝင်းသည် ၎င်းအသုံးပြုသည့် “Bo Bo Win” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ကောင်းဇော်ထွန်းသည် ၎င်းအသုံးပြုသည့် “Kaung Zaw Htun” Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ အမှတ်(၄)ရပ်ကွက်နေ သန္တာလှိုင်သည် ၎င်းအသုံးပြုသည့် “Thandar Thandar” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

သုံးဂိုး-နှစ်ဂိုးအထိ ဖိအားပေးခံရပြီးမှ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၄၉၊ ၇၆၊ ၈၆ မိနစ်တွင် လင်းမြင့်မိုရ်၊ မိနစ် ၆၀ တွင် ရွှေရည်ထွန်းတို့က သွင်းယူခဲ့ကာ ကျန်တစ်ဂိုးမှာမူ ၁၆ မိနစ်တွင် YREO အသင်းမှ အေးအေးထွေး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ YREO အသင်းအတွက် ချေပဂိုးများကို ၆၇ မိနစ်တွင် ဆွေမာအောင်၊ မိနစ် ၇၀ တွင် ဇင်မိုးပြည့်တို့က သွင်းယူခဲ့သည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက တနင်္သာရီအသင်းကို ၁၀ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ရန် အမှားအယွင်းမရှိ နိုင်ပွဲယူခဲ့ပြီး ဂိုးပြတ်ရလဒ်ပါ ရရှိခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၇၊ ၈၆ မိနစ်တွင် ဂျူလိုင်ကျော်၊ ၁၄ မိနစ်တွင် ခင်မိုမိုထွန်း၊ ၄၁၊ ၅၉၊ ၆၂၊ ၆၉၊ ၇၃၊ ၉၀+၂ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ၇၁ မိနစ်တွင် ယွန်းဝဒီတို့က သွင်းယူခဲ့သည်။

နိုဝင်ဘာ ၁၆ ရက်ကကျင်းပသည့်ပွဲတွင် မြဝတီအသင်းက အား/ကာဦးစီးဌာနအသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ပိုင်းမှ သစ္စာအားမာန်အသင်းနှင့် အား/ကာသိပ္ပံအသင်းကို ဖိအားပေးနိုင်ရန်အတွက် မြဝတီအသင်း ရုန်းကန်ခဲ့ပြီး အနိုင်သုံးမှတ် ရယူနိုင်ခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးကို မိနစ် ၂၀ တွင် မေစံပယ်ဖူးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၁၁) အပြီးတွင် သစ္စာအားမာန်အသင်းက ၁၀ ပွဲကစား ရမှတ် ၂၇ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက ကိုးပွဲကစား ၂၅ မှတ်၊ မြဝတီအသင်းက ကိုးပွဲကစား ၂၂ မှတ်၊ အား/ကာဦးစီးဌာနအသင်းက ကိုးပွဲကစား ၁၂ မှတ်၊ YREO အသင်းက ၁၀ ပွဲကစား ခြောက်မှတ်၊ Young Lionesses အသင်းက ကိုးပွဲကစား ခြောက်မှတ်ရရှိထားကာ တနင်္သာရီအသင်းမှာမူ ၁၀ ပွဲကစား ၁၀ ပွဲရှုံးဖြင့် အမှတ်မရသေးပေ။ **ရဲရင့်လွင်**

## အင်းစိန်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ဒါရိုက်တာအဖွဲ့များရွေးချယ်တင်မြှောက်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်း ဒေသကြီး အင်းစိန်မြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၁၉ မီနီဘက်ဂျတ် ကာလမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့များ ရွေးချယ်တင်မြှောက်ပွဲကို နိုဝင်ဘာ ဒုတိယအပတ်က အဆိုပါအသင်းစုရုံး၌ ကျင်းပရာ တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကား ပြောကြားပြီး အင်းစိန်မြို့နယ် သမဝါယမအသင်းစုမှ အသင်းဝင်အခြေခံ သမဝါယမအသင်း ၄၇ သင်းသို့ အစုပေါ်အမြတ် ကျပ်သိန်း ၃၀ ပေးအပ်ခဲ့သည်။

ထို့နောက် အင်းစိန်မြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ဒါရိုက်တာအဖွဲ့များနှင့် အသင်းဝင်စာရင်းစစ်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ပွဲကို တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကော်မတီမှ ဦးဆောင်၍ ဒါရိုက်တာအဖွဲ့ဝင် ခုနစ်ဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်ပေးခဲ့သည်။ **အာကာလင်း**

## စာအုပ်စာပေ လူ့မိတ်ဆွေ


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/65028 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်း ၇/တငန(နိုင်) ၀၇၀၇၆၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တောင်ငူ)

## တောမှဲ့ မြေသား၊ ရေတိုက် စား၏




### ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစု လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစုပိုင်၊ ပန်းခြံလမ်းရှိ မြေကေ (ဝဒသမ၂၇)ကော၊ ၎င်းမြေပေါ်ရှိ (၉၀'x၂၇'x၂၀') အကျယ်အဝန်းရှိ အဆောက်အအုံအား လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၂၀-၁၁-၂၀၂၂ရက်
**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၃၀-၁၁-၂၀၂၂ရက် ညနေ ၄နာရီ
**လျှောက်လွှာရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစုရုံး၊ ပန်းခြံလမ်း၊ ငပုတောမြို့

၂။ အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင်ထုခွဲရောင်းချရေးအဖွဲ့၊ အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်း တင်သွင်းလျှောက်လွှာများကို အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် ၃၀-၁၁-၂၀၂၂ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြို့နယ်သ/မ အသင်းစုနေရာတွင် နောက်ဆုံးထားပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ **လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၁-၁၂-၂၀၂၂ရက် နံနက် ၁၀နာရီတွင် လေလံဖွင့်ရောင်းချခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၀၉-၆၈၀၈၆၀၄၂၆၊ ၀၉-၆၈၆၉၀၇၄၉၃၊ ၀၉-၄၂၂၄၇၉၂၉၀

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၈)၊ ကွင်းအကွက်အမှတ်(မ-ပဒေသာ)၊ဦးပိုင်အမှတ်(၁၅၄)၊ မြေကွက်အမှတ်(မ-၈)၊ မြေရိယာ(၀ဒသမ၁၁၀)ကေ (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေကွက်/နေအိမ်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး(အုတ်တံတိုင်းခတ်အပြီးအစီး)အား ဒေါ်ဖြူဖြူအေး ၁၂/စခန(နိုင်)၀၃၉၁၂၁မှ ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ ဦးတီတီလေး ၉/မရမ(နိုင်) ၀၄၀၆၃၇က (အရပ်ကတိစာချုပ်)ဖြင့် ဝယ်ယူပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးတီတီလေး**
၉/မရမ(နိုင်) ၀၄၀၆၃၇

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော်(LL.B,D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆)
"နိုင်"ဥပဒေအကျိုးဆောင်
အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့

### ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့နယ်၊ အထက (ခွဲ)(မွှေသော်) တက္ကသိုလ်ဝင်တန်းမှ မောင်ရှိုင်းဝဏ္ဏဇော်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ၇/ပခတ (နိုင်) ၀၄၃၉၀၈ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ဦး**

### ကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၇)၊ ဦးပိုင်အမှတ် ယခင်(၆)၊ ယခု(၉)၊ ၁၄ လမ်းနှင့် ၁၅လမ်းကြား၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးခင်ညိုထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၄၂/၂၀၂၂)ဖြင့် ဦးပို၊ ဒေါ်ပုလေးတို့မှ ဝယ်ယူခဲ့ပြီး (ဖခင်) ဦးပို၊ (မိခင်)ဒေါ်ပုလေး၊ (သား)ဦးကျော်ခင် (ဇနီး)ဒေါ်စိန်ဦး(ခ)ဒေါ်စိန်ဥ ၎င်းတို့၏သား၊ သန်းဇော်ဌေး(လူပျိုကြီးဘဝ)၊ ဦးကျော်ဇင်လတ်(လူပျိုကြီးဘဝ)(သား)ဦးခင်မောင်မြင့်၊ (သမီး)ဒေါ်မြတင်၊(သား)ဦးခင်မောင်ဆင့်၊ (သား)ဦးသိန်းဌေးဝင်းတို့ အသီးသီး ကွယ်လွန်၍ ကျန်ရစ်သူသား၊ သမီး၊ ချွေးမ၊ သားမက်တို့ဖြစ်သော ဦးအောင်ရွှေ ၉/မနမ(နိုင်)၀၈၁၈၅၅၊ ဦးသန်းဇော်အေး ၉/အမဇ(နိုင်)၀၆၁၆၉၂၊ ဦးကျော်နိုင် ၉/အမဇ(နိုင်)၀၁၈၄၄၄၊ ဦးအောင်ထွေး ၉/အမဇ(နိုင်)၀၁၈၄၄၅၊ ဦးသိန်းထွန်းအောင် ၉/အမဇ(နိုင်) ၁၀၇၅၁၈၊ ဦးဂဠုံ ၉/အမဇ(နိုင်) ၀၅၄၇၃၀၊ ဒေါ်မြခင် ၉/မနမ(နိုင်) ၀၃၂၆၁၂၊ ဒေါ်စောအေး MDYNW-၀၄၀၄၆၅၊ ဦးဝင်းမော် ၉/မနမ(နိုင်) ၀၃၃၈၅၈၊ ဦးခင်မောင်တင် ၉/မနမ(နိုင်) ၀၃၂၆၀၈၊ ဒေါ်တင်တင်မြင့် ၉/မနမ(နိုင်) ၀၃၂၆၀၄၊ ဒေါ်စန်းစန်းဝင်း ၉/မနမ(နိုင်) ၁၁၂၂၄၆၊ ဒေါ်ခင်မျိုးဆွေ ၉/အမဇ(နိုင်) ၁၀၇၆၀၇၊ ဒေါ်ဆန်းလွင် ၅/ဝလန(နိုင်) ၀၀၈၂၄၂တို့က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/33597 ယာဉ်လက်ဝယ်ရှိသူ ဦးထိန်ဝင်း ၇/ရတရ(နိုင်) ၁၁၄၅၀၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တောင်ငူ)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၇၃ ဆူ | ၂၄၇ ဆူ |
| ၂။ | သာသနဓဇမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၃ ခန်း | ၃၉၂ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၈ တိုင် | ၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၄၀ စုံ | ၂၆၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# မြန်မာ့စီးပွားရေးဘဏ်
# ကြော်ငြာစာအမှတ်(၄/၂၀၂၂)
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး/ငွေကိုင် (၄) (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ (စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့၊ အင်ဂျင်နီယာဘွဲ့ ရရှိပြီးသူများကို ဦးစားပေးမည်)
- (ဂ) အိမ်ထောင်မရှိသူ အမျိုးသားများအား ဦးစားပေးရွေးချယ်မည်။
- (ဃ) နယ်စပ်ဒေသအပါအဝင် ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) ရွေးချယ်ခန့်ထားခြင်းခံရပါက စတင်တာဝန်ထမ်းဆောင်ရသည့်ဒေသတွင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ရမည်။
- (စ) ၂၀၂၂ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၈ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ရယူနိုင်ပြီး စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို မိမိဖြေဆိုလိုသည့်စာစစ်ဌာန (နေပြည်တော်ဘဏ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံး)များတွင် Sundry Deposit A/C Miscellaneous သို့ ပေးသွင်းရပါမည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် -
- (က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်/ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဂ) တက္ကသိုလ်ဝင်တန်း/ အခြေခံပညာအထက်တန်းအောင်အမှတ်စာရင်း
- (ဃ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၅)ပုံ
- (င) (၁)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း
- (စ) သက်ဆိုင်ရာ ရဲစခန်းမှ (၁) လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (ဆ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဇ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

၅။ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အငယ်တန်းစာရေးနှင့် ငွေကိုင်(၄)ရာထူးနေရာများအား အောက်ဖော်ပြပါ အရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည် -

| စဉ် | နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် | ခန့်ထားမည့်ဦးရေ |
|---|---|---|
| | | အငယ်တန်းစာရေး/ ငွေကိုင်(၄) |
| ၁ | နေပြည်တော် | (၁၈) ဦး |
| ၂ | ကချင်ပြည်နယ် | (၇) ဦး |
| ၃ | ကယားပြည်နယ် | (၃) ဦး |
| ၄ | ကရင်ပြည်နယ် | (၃) ဦး |
| ၅ | ချင်းပြည်နယ် | (၁၀) ဦး |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | (၁၂) ဦး |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | (၈) ဦး |
| ၈ | ပဲခူးတိုင်းဒေသကြီး | (၇) ဦး |
| ၉ | မကွေးတိုင်းဒေသကြီး | (၄) ဦး |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | (၁၂) ဦး |
| ၁၁ | မွန်ပြည်နယ် | (၄) ဦး |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | (၂၄) ဦး |
| ၁၃ | ရှမ်းပြည်နယ် | (၅) ဦး |
| | စုစုပေါင်း | (၁၁၇) ဦး |

၆။ လျှောက်ထားသူများသည် လျှောက်လွှာကို မိမိလျှောက်လွှာရယူခဲ့သည့် စာစစ်ဌာန (နေပြည်တော်ဘဏ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံး) များသို့ ၁၉-၁၂-၂၀၂၂ရက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

